


# သောက်ဆေးကို လိမ်းဆေးမလုပ်ပါနဲ့

## ဝိဇ္ဇာနဲ့စရဏ

(၂၂၅)

ဟောကြားသည့်နေ့
၃-၆-၆၂

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၁၀) မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

076

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# သောက်ဆေးကိုလိမ်းဆေးမလုပ်ပါနဲ့

# ဝိဇ္ဇာနဲ့စရဏ

THITSARPARAMI LIBRARY
Date ဟောကြားသည့်နေ့
(၃-၆-၁၉၆၂)

ထုတ်ဝေသူ ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# သောက်ဆေးကိုလိမ်းဆေးမလုပ်ပါနဲ့

# ဝိဇ္ဇာနဲ့စရဏ

ဟောကြားသည့်နေ့ (၃-၆-၆၂)

အခုပြောမည့်တရားဟာ ဒကာ ဒကာမတို့ ဂရုစိုက်ပြီး မှတ်ရမှာ၊ ဘယ်နှယ့်ကြောင့် ဂရုစိုက်မှတ်ရမလဲ ဆိုလို့ရှိရင် ဝိဇ္ဇာနဲ့ စရဏကို ဟောမယ် (မှန်ပါ့)၊ ဝိဇ္ဇာနဲ့ စရဏကိုဟောလိမ့်မယ်လို့ ဦးအောင်ဇံဝေက မှတ်ထားရမယ်နော် (မှန်ပါ့မှတ်ထားပါမယ် ဘုရား)။

## ရှုတ်ပြီးရှိခိုးနေကြတယ်

နောက်က ဒကာ ဒကာမတွေ ဘာဟောမှာတုံး (ဝိဇ္ဇာနဲ့ စရဏ ဟောမှာပါဘုရား)၊ ဝိဇ္ဇာနဲ့ စရဏကိုဟောမယ်၊ ရတော့ ရနေကြတာပဲတဲ့၊ ရပင် ရငြားသော်လည်း လိုရင်းက မပါဘဲဖြစ်ပြီးနေတော့ ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ၊ သန်းညွှန့်တို့ ရွတ်နေတာပဲနော် (မှန်ပါ့)၊ အုန်းကြည်တို့လည်း ရွတ်နေတာပဲ၊ မရွတ်ဘူးလား (ရွတ်ပါတယ်ဘုရား)။

"ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ" ဘုရား ရှေ့သွားတဲ့ သွားတဲ့ပြီးသကာလ ဒကာ ဒကာမတွေ ရွတ်ကြတယ်၊ အရှင်ဘုရား အရှင်ဘုရားကတော့ ဝိဇ္ဇာနဲ့လည်း ပြည့်စုံပါပေတယ်၊ စရဏနဲ့လည်း ပြည့်စုံပါပေတယ် ဒါကြောင့် တပည့်တော် ရှိခိုးပါတယ်ဆိုတော့ ဝိဇ္ဇာစရဏကို ခင်ဗျားတို့က ရှိခိုးနေတယ် (မှန်ပါ့)။

## ကျင့်ရမည့်အလုပ်လို့မှတ်ပါ

ဘာလုပ်နေကြတာတုံး (ဝိဇ္ဇာစရဏရှိခိုးနေပါတယ်ဘုရား)။

ဩော်-ဒကာ ဒကာမတွေကလည်း ဝိဇ္ဇာစရဏနဲ့ ပြည့်စုံတာကို ဝိဇ္ဇာနဲ့ ပြည့်စုံတဲ့ကိုယ်တော်ကြီး၊ စရဏနဲ့ ပြည့်စုံတဲ့ ကိုယ်တော်ကြီးဆိုပြီး ရှိခိုးနေကြတယ်၊ မခိုးရဘူးလို့ ဆရာ

ဘုန်းကြီးက မဟောပါဘူး၊ ကျင့်ရမည့်အလုပ်ဆိုတာ မှတ်ထား လိုက်စမ်းပါ (မှန်ပါ့)။

ရှိခိုးရမည့်အလုပ်လည်း ရှိခိုးသလောက်ကုသိုလ်ရတယ်၊ သို့သော် လိုရင်းအကျဉ်းချုပ်အမှန်ကို ပြောရမယ်ဆိုလို့ရှိရင်ဖြင့် ကျင့်ရမည့်အလုပ် (မှန်ပါ့)၊ ရှိခိုးရမည့်အလုပ် ပဓာနမဟုတ်၊ ကျင့်ရ ရမည့် အလုပ်က (ပဓာနပါဘုရား)၊ ပဓာန ဖြစ်နေလို့ဆိုတာ သေသေချာချာမှတ်ပါ (မှန်ပါ့)။

ဦးအောင်ဇံဝေတို့ အသုံးချနေတာ ဘာပါလိမ့်မလဲ. . . လို့ မေးလို့ရှိရင်ဖြင့် ဘုရားရှေ့သွားပြီး ဝိဇ္ဇာစရဏနဲ့ ပြည့်စုံတဲ့ ကိုယ်တော်ကြီး ရှိသေပါ၏။ ရှိခိုးပါ၏။ ကိုင်းရှိုင်းပါ၏၊ ဒါပဲလုပ် တာပဲ (မှန်ပါ့)။

## ကိုယ့်သန္တာန်ဖြစ်အောင်လုပ်ပါ

ဒါပဲလုပ်နေတာပဲ၊ ကိုယ့်သန္တာန် ဝိဇ္ဇာဖြစ်အောင်၊ ကိုယ့် သန္တာန် စရဏဖြစ်အောင် မလုပ်ဘူး (မှန်ပါ့)၊ ရှင်းကြရဲ့လား (ရှင်းပါတယ်ဘုရား)။

ဒါက ဟိုဘက်က သံဃာတော်တွေလည်း နားကြီးကြီးနဲ့ နာပါ၊ ဩော်-တို့ဟာက "ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ" ဆိုပြီးသကာလ တို့-ဘုရားရှိခိုးကြတယ်၊ ဝိဇ္ဇာ စရဏနဲ့ ပြည့်စုံတဲ့ ကိုယ်တော်ကြီးဘုရား ရှိခိုးပါ၏၊ အရှင်

ဘုရားကို ရှိသေ ပါ၏၊ ကိုင်းရှိုင်းပါ၏၊ ကြည်ညိုပါ၏၊ လေးစားပါ၏၊ မောင်မြတို့ လည်း ဒါလုပ်မှပဲ (မှန်ပါ့)။

ဝိဇ္ဇာက မျက်လုံးနဲ့တူတယ်၊ စရဏက ခြေထောက်နဲ့တူတယ်၊ နိဗ္ဗာန်သွားတဲ့ အလုပ်ဆိုတော့ ဦးအောင်ဇံဝေ ပေါ်လာပြီး၊ (မှန်ပါ့)။

## ဝိဇ္ဇာကမျက်လုံး၊ စရဏကခြေထောက်

ဝိဇ္ဇာက မျက်လုံးနဲ့တူတယ်၊ စရဏက ခြေထောက်နဲ့တူတယ်ဆိုတော့ နိဗ္ဗာန် သွားဖို့ အလုပ်ကြီးပါကလားဗျ (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

နိဗ္ဗာန်ကိုသွားတာ ကိုယ်တိုင်စရဏဆိုတဲ့ ခြေထောက်ပါရမယ်. . . ကိုယ်တိုင် ဝိဇ္ဇာမျက်လုံးနဲ့ နိဗ္ဗာန် သွားရမှာကိုးဗျ၊ (မှန်ပါ့)။

ဒါဖြင့် ဒီနှစ်ခုဟာ ကိုယ့်သန္တာန်မှာ ပေါ်ပေါ်ပြီးသွားမှာပေါ့ (မှန်ပါ့)၊ သူများသန္တာန် ရှိခိုးနေကြတော့ ဗုဒ္ဓါနုဿတိ လောက်ကလေးဖြစ်တယ်၊ ကိုယ်တိုင် နိဗ္ဗာန်မရောက်ဘူး (မှန်ပါ့ဘုရား)။

ဘာပြုလို့တုံး ကိုယ်မှာ ခြေထောက်လည်းမပါ၊ မျက်လုံးလည်းမပါ ဖြစ်နေတော့ နိဗ္ဗာန်ရှိမှန်း မသိဘူး (မှန်ပါ့)။

အင်း. . . ဒီနေ့တရား သေသေချာချာ မှတ်ရလိမ့်မယ်နော် . . . (မှန်ပါ့) လှည္ဆန့်တို့, အုန်းကြည်တို့ သေသေချာချာ မှတ်ရမယ် (မှန်ပါ့)။

မလွယ်ဘူး မှတ်ထားစမ်းပါ၊ စောစောစီးစီး စရဏဟာ ခြေထောက်နဲ့တူတယ် ဝိဇ္ဇာကမျက်လုံးနဲ့တူတယ်၊ မျက်လုံးမြင်ပြီး ခြေထောက်နဲ့သွားတဲ့ ပုဂ္ဂိုလ်မှ မအို, မသေ အမြဲနေတဲ့ နိဗ္ဗာန် ရောက်မယ်ဆိုတော့ သူများအလုပ်လား, ကိုယ့်အလုပ်လား (ကိုယ့်အလုပ်ပါဘုရား)။

ကိုယ်လုပ်ရမည့်အလုပ်ကို သူများကို သူများဆိုတာ ဘုရားကိုဆိုတာပါပဲ၊ သူများကို ကျုပ်တို့က အရှင်ဘုရား ဒီဂုဏ်တွေနဲ့ ဝိဇ္ဇာဂုဏ် စရဏဂုဏ်နဲ့ ပြည့်စုံတဲ့အတွက် တပည့်တော် ရှိသေပါ၏။ ကိုင်းရှိုင်းပါ၏၊ ရှိခိုးပါ၏၊ လေးစားပါ၏၊ ဒါသာ လုပ်နေတော့ သူများခြေထောက်နဲ့ သွားတတ်တာကို ချီးမွမ်းတယ် (မှန်ပါ့)၊ သူများမျက်လုံးမြင်တာကိုသာ ချီးမွမ်းနေတဲ့ အဓိပ္ပါယ် ရောက်တယ် (မှန်ပါ့)၊ မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။

စင်စစ်တော့ စရဏက ခြောက်ထောက်နဲ့တူတယ်၊ ဝိဇ္ဇာက မျက်လုံးနဲ့ တူတယ်ဆိုတော့ ဒီနှစ်ခုဟာ ခြေထောက်လည်း ပါမှ, မျက်လုံးလည်းမြင်ပါမှ လိုရာခရီးရောက်မယ်ဆိုတာ ဟောထားတာ (မှန်ပါ့)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

## အသဒိသဒါနအလှူကြီး

ပေါ်လာတော့ အသဒိသဒါန အလှူကြီးက ဆင်လှူ မြင်းလှူ နွားတွေဆိုတာ မပြောပါနဲ့ လှေနဲ့ကိုထည့်လှူတယ် (မှန်ပါ့)၊ ရဟန္တာတစ်ပါးဆင်တစ်စီး အပျိုတော်တွေ ခြံရံလို့ ယပ်တောင်တွေခပ်လို့၊ ဒီအထဲကမှ ကျေးစရာမွေးစရာရှိရင် ဘုရင်ချည်းပဲ၊ တိုင်းပြည်နဲ့ ပြိုင်တာ သူက အနိုင်ယူတာပဲ. . . (မှန်ပါ့)။

## ရဟန္တာတွေကို လှူရတာ လယ်မြေကောင်း

ပြီးတော့ လှူတာကလဲ ရဟန္တာချည်းပဲဆိုတော့ ဦးသန်းမောင် လယ်ကောင်းတွေပေ့ါဗျာ. . . (မှန်ပါ့) ရဟန္တာဆို တာ 'အနုတ္တရံ ပုညက္ခေတ္တံလောကဿ' လို့ဆိုတဲ့အတိုင်း လယ်ကောင်းတွေပဲ. . . (မှန်ပါ့) စိုက်လိုက်တာလဲ မျိုးစေ့ကောင်းတွေပဲ. . . (မှန်ပါ့)။

အင်မတန် အကျိုးပေးဖို့ ကောင်းပါတယ်လို့ . . . မောင်သစ်တို့ ဆုံးဖြတ်ချက်ချရမယ်. . . (မှန်ပါ့ဘုရား)။

## အသဒိသဒါနဆိုတာ

ဘုရားတစ်ဆူတစ်ဆူပေါ်မှ ဒီလိုအလှူမျိုး တစ်လှူ တစ်လှူပဲလှူနိုင်တယ်. . . (မှန်ပါ့) ဒီ့ပြင်အတုမရှိဘူး၊ ဒါကြောင့်

ကိုယ်ကိုယ်တိုင် ခြေထောက်နဲ့သွားတာ, ကိုယ်ကိုယ်တိုင် မျက်လုံးဖွင့်ပြီးသွားတာ ဟုတ်ပါရဲ့လား . . . (မဟုတ်ပါဘုရား)။ ကိုယ်ကိုယ်တိုင်ရှာတာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား)၊ သူများချမ်းသာတာ အင်း. . . သူတို့တော့ ရှေးကကာမာဝစရကလည်းရှိ အကြောင်းအကျိုးလည်း ညီညွတ်တော့လည်း ဝမ်းသာပါတယ်၊ သူတို့အတွက် မုဒိတာတောင် ဖြစ်လိုက်သေးတယ် ဆိုတော့ မုဒိတာဖြစ်ရုံပဲ၊ သမထသာ သွားဖြစ်တယ်၊ နိဗ္ဗာန်ရောက်ကဲ့လား (မရောက်ပါဘုရား)၊ မရောက်ဘူး၊ ဒါဟာ အားကြီးစဉ်းစားရမယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ။

ကဲ. . . အားလုံး ဒကာ-ဒကာမတွေ အခု သေသေချာချာတရားကို စပြောတော့မှ ဩော် . . . ကိုယ့်အလုပ်က သူများဂုဏ်ကို ကိုယ်ကချီးမွမ်းပြီးနေတယ်၊ ကိုယ်လုပ်ရမည့် အလုပ်ကို သူများဂုဏ်ချီးမွမ်းနေတဲ့အဓိပ္ပါယ်ရောက်-မရောက် (ရောက်ပါတယ်ဘုရား)၊ ပေါ်ပလား . . . (ပေါ်ပါပြီ)။

နောက်က ဒကာ - ဒကာမတွေကော ပေါ်ကြရဲ့လား (ပေါ်ပါတယ်ဘုရား)၊ ခြေထောက်ကလည်း ကိုယ့်ခြေနဲ့ကိုယ်တပ်ရမှာနော် (မှန်ပါ့)၊ ကိုယ့်မျက်လုံး ကိုယ်ဖွင့်ပြီးသကာလ ကိုယ်အလိုရှိတဲ့ မအို-မသေ အမြဲနေတဲ့နိဗ္ဗာန် သွားရမှာ ကိုယ့်ခြေထောက် ကိုယ်တပ်မယ် (မှန်ပါ့)၊ ကိုယ့်မျက်လုံး ကိုယ်လင်းအောင်လုပ်ရမယ် (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီ)။

အခုတော့ သူများမျက်လုံးမြင်တာ သာခုခေါ်လို့ ကြည်ညိုလေးစားလို့ သူများခြေထောက်သွက်တာကိုပဲ အင်း . . . ကိုယ်က ဝမ်းမြောက်လို့ဆိုတော့ ကိုယ်ကရောက် သလား တဲ့၊ သူများအတွက် ဝမ်းမြောက်ရတာပဲ ရှိသလား (ကိုယ် မရောက်ပါဘုရား)၊ ကိုယ်မရောက်ဘူး ရှင်းပလား (ရှင်းပါပြီ)။

အဲ့မှာ . . . တော်တော်ခက်တယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ မပေါ်သေးဘူးလား (ပေါ်ပါပြီ)။

## သောက်ဆေးကို လိမ်းဆေးလုပ်နေတယ်

ဦးအောင်ဇံဝေ၊ ဒါ. . . ဆရာသမားနဲ့မတွေ့ရင် ခင်ဗျား တို့ လုပ်နေတာတွေဟာ သောက်ဆေးကို လိမ်းဆေး လုပ်နေတဲ့ အဓိပ္ပါယ်မျိုးလည်း ရောက်ပါတယ် (မှန်ပါ့)၊ မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။

သောက်ဆေး လိမ်းဆေး လုပ်နေလို့ ရှိရင်ဖြင့် ဒေါက် တာပဲ စဉ်းစားတော့၊ တော်တော် ချော်တဲ့လူပဲ (မှန်ပါ့)၊ မပြော ရဘူးလား . . . ပြောရမလား (ပြောရပါမယ်ဘုရား)၊ ပြောထိုက် တယ်၊ အခုလည်း ခင်ဗျားတို့ ဘာလုပ်နေသတုံးလို့မေးလို့ရှိရင် ဒီအတိုင်းပြန်ရောက်တယ်၊ သောက်ဆေးကို ဘာလုပ်နေသလဲ (လိမ်းဆေးလုပ်နေပါတယ်ဘုရား)

## ကုသိုလ်တော့ရတယ် နိဗ္ဗာန်တော့မရောက်

လိမ်းဆေးလုပ်နေတော့ တချို့ လိမ်းဆေးနဲ့ပဲ သေသွားတယ်၊ ရှိခိုးပြီးတော့ (မှန်ပါ့)၊ ကုသိုလ်မရဘူးလားဆိုတော့ ရပါတယ်၊ နိဗ္ဗာန်မရောက်ဘူးလားဆိုတော့ မရောက်ဘူးဆိုကြစို့ရဲ့ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကုသိုလ်မရဘူးလားဆိုတော့ (ရပါတယ်)၊ နိဗ္ဗာန်ရောက်ကဲ့လားလို့ မေးတော့ (မရောက်ပါဘုရား)၊ ဒါ. . . ကွာသွားတာပဲ၊ ရှင်းကြပလား (ရှင်းပါပြီ)။

မောင်မြ-အင်မတန် အဖိုးတန်လိမ့်မယ် ဆိုတာ သေချာသွားပြီ၊ အင်မတန်အဖိုးတန်လိမ့်မယ်ဆိုတာ သေချာသွားပြီပြင်ပေးနေတာကိုး (မှန်ပါ့)၊ ဦးအောင်ဇံဝေ ဒါ-နည်းနည်းနောနောသတ္တိမဟုတ်ဘူးနော် (မှန်ပါ့)။

ဒီ. . . ပြင်ရတာက လွယ်သလားလို့ မေးတဲ့အခါကျတော့ ရိုးရာက နှိပ်စက်နေပြန်လို့ရှိရင် မလွယ်ဘူး (မှန်ပါ့)၊ ရိုးရာက ဒါ ဘုရားရှိခိုးပဲ လုပ်နေတယ်၊ မလုပ်ကြဘူးလား (လုပ်ပါတယ်ဘုရား)။

အခု သေသေချာချာဝေဖန်ပြီး ဆရာသမားက ပြောလိုက်တော့ နိဗ္ဗာန်သွားချင်လို့ရှိရင် စရဏ ခြေထောက်နဲ့ ဝိဇ္ဇာမျက်လုံးရှိရမယ်ဟေ့ - ကိုယ့်မှာ ကိုယ့်မှာ (မှန်ပါ့)၊ သူများမှာမဟုတ်ပါဘူး၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ ကိုယ့်မှာရှိအောင် လုပ်ကြတာလား၊ ကိုယ်မြင်အောင် လုပ်ကြပလား၊ ကိုယ့်ခြေထောက်သွက်အောင် လုပ်ကြသလား၊သူတစ်ပါးခြေထောက်သွက်တာနဲ့ သူတစ်ပါးမျက်လုံးကောင်းတာပဲ ချီးမွမ်းနေသလား မေးလို့ရှိရင် ကိုယ့်အလုပ် ကိုယ်ပြန် စဉ်းစားလိုက်တော့ ပေါ်သွားတယ် (ပေါ်ပါတယ်ဘုရား)၊ မပေါ်သေးဘူးလား (ပေါ်ပါတယ်ဘုရား)၊ ဘာလုပ်နေကြသတုံး (သူများခြေသွက်တာ ချီးမွမ်းနေကြပါတယ်ဘုရား)။

အင်း. . . သူတစ်ပါး ခြေသွက်တာ ချီးမွမ်းနေတယ်နော် (မှန်ပါ့) သူတစ်ပါး မျက်လုံးမြင်တာ (ချီးမွမ်းနေပါတယ်ဘုရား) ချီးမွမ်းနေတယ်။

ငါတော့ ကျိုးချင်ကျိုးပေစေ၊ ကန်းချင်ကန်းပေစေ-ဆိုတဲ့ အဓိပ္ပါယ်ပါသွားပါတယ် (မှန်ပါ့)၊ မပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား)။

ငါတော့ ကျိုးချင်ကျိုးပေစေ၊ ကန်းချင်ကန်းပေစေ၊ ကိုယ်တော့အကျိုးနဲ့ အကန်းပဲ ပြန်ဖြစ်နေတယ် (မှန်ပါ)၊မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

## ရိုးရာနဲ့သေလိမ့်မယ်

ဒါ. . . ဒီလို ထူးထူးခြားခြားပြောပေးမည့်လူမရှိရင် ဦးအောင်ဇံဝေ ရိုးရာနဲ့ သေလိမ့်မနော် (မှန်ပါ့)။

မောင်ရွှေဝ ဘယ့်နှယ် ထင်သတုံး (ရှိရာနဲ့သေပါမယ် ဘုရား)၊ ရှိးရာနဲ့သေမယ်။

မနေ့ကထက် ခက်လိမ့်မယ်နော် (မှန်ပါ့)၊ ကိုင်း-ဒါဖြင့် သဘောကလေးမှတ်လိုက်ပါဦး ဒကာ-ဒကာမတွေ၊ ခင်ဗျားတို့ အတွက်သနားလို့ သက်သက်ပြောပေးနေတာ ဒီဥစ္စာနော် (မှန်ပါ့)။

## သနားလို့ပြောပေးနေတာ

သနားလို့ သက်သက် ပြောပေးနေတာတဲ့၊ မပြောဘဲ နေလိုက်ရင် ဒါ-လိမ်းဆေးဘဝနဲ့ အသုံးချပြီးသကာလ ရောဂါ မပျောက်ဘဲနဲ့ အင်း. . . သေပွဲဝင်ကြမှာပဲဆိုတာကို ဆရာက ဆုံးဖြတ်ချက်ချတာကို ခင်ဗျားတို့က ဩော်. . . ဟုတ်ပါလားဆို တာ လက်ခံရမှာပဲ (မှန်ပါ့)၊ ပြောပေးမည့်လူ မရှိရင်လေ (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ခင်ဗျားတို့လုပ်နေတဲ့ အလုပ်ကို လွဲတယ် လို့ ဆိုသလားတဲ့ လိုသေးတယ်လို့ ဆိုတာလား (လိုသေးတယ် လို့ ဆိုတာပါဘုရား)။

လိုသေးတယ်ဆိုတာ လွဲတယ်လို့မဆိုဘူး (မှန်ပါ့)၊ သမထတော့ဖြစ်နေတယ်၊ ဝိပဿနာမဖြစ်ဘဲ ဖြစ်နေတယ်၊ ဒါကို ပြောတာ (မှန်ပါ့)။

ဘုရားရှိခိုးတာက ဗုဒ္ဓါနုဿတိ သမထဘက်သွားတယ်၊ သမထတော့ဖြစ်ပါရဲ့၊ ဝိပဿနာမဖြစ်ဘဲ ဖြစ်နေတယ်၊ ရှင်းပလား (ရှင်းပါပြီ)၊ ဘာဖြစ်နေသလဲ (ဝိပဿနာမဖြစ်ဘဲ ဖြစ်နေပါတယ်)၊ ဘာဖြစ်နေသလဲ (သမထတော့ဖြစ်ပါရဲ့ဘုရား)။

## နားကြီးကြီးနဲ့ထောင်မှရမယ်

ဩော်. . . ဒါဖြင့် သမထကနိဗ္ဗာန်သူမှမရောက်ဘဲ (မရောက်နိုင်ပါဘုရား)၊ မရောက်နိုင်ဘူး၊ သမထက ဗြဟ္မာပြည် လမ်းဆုံးကိုးကွ၊ ဟုတ်ပလား (မှန်ပါ့)၊ အဖွားကြီးတွေ နားကြီးကြီး နဲ့ ထောင်မှရသနော် (မှန်ပါ့ဘုရား)။

ဘာနဲ့ထောင်ရမယ် (နားကြီးကြီးနဲ့ ထောင်ကြရပါမယ် ဘုရား)။

နားကြီးကြီးနဲ့ထောင်ရမယ်ဆိုတာက နားရွက်ကြီးကြီး တာကို ဆိုတာမဟုတ်ဘူး၊ ဉာဏ်နားနဲ့ထောင်ပါပြောတာ (မှန်ပါ့ ဘုရား)။

ဉာဏ်နားနဲ့ထောင်ပါပြောတာ၊ ဒါ-ဒီလောက် အေးအေး ဆေးဆေးပြောပြီးနေတဲ့ အဓိပ္ပါယ်ကိုလည်း ခင်ဗျားတို့ ရှင်းရမယ်၊ ဘယ်နှယ့်ကြောင့်တုံးဆိုတော့ ဩော်. . . တို့ဟာ ဒီအတိုင်းများ သာ သေသွားကြမယ်ဆိုရင်ဖြင့် လိုရာခရီးမရောက်ဘဲနဲ့ သေမှာ ပဲ၊ မြောက်ကျွန်းသွားတဲ့ လူဟာ မြောက်ကျွန်းမရောက်ဘဲနဲ့ သေရမလို ဖြစ်နေတယ် . . . (မှန်ပါ့)၊ မဟုတ်ဘူးလား (မှန်ပါ့)။

ဘာပြုလို့တုံး၊ ကိုယ့်ခြေကလည်းမမြင်၊ ကိုယ့်မျက်လုံးကလည်း မပွင့်၊ အလင်းမရသေး၊ မဆိုနိုင်ကြဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

## ဆရာကောင်းရှာပါလို့ (၃၂) ကြိမ်မှာတယ်

အဲဒါကြောင့် ခင်ဗျားတို့ ဆရာကောင်း, သမားကောင်းရှာပါလို့ ဘုရားက သုံးဆယ့်နှစ်ကြိမ်မှာတယ်၊ "ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော" ယထာဘူတံ = ဟုတ်တိုင်းမှန်စွာ၊ ဉာဏာယ=သိဖို့ရာ အလို့ငှာ၊ သတ္ထာ=ဆုံးမ, တတ်တဲ့ဆရာကို၊ ပရိယေသိတဗ္ဗော = ရှာမိအောင် ရှာပါ၊ ဘုရားက သုံးဆယ့်နှစ်ကြိမ်မှာတယ် . . . (မှန်ပါ့)။

ဘယ်နှစ်ကြိမ်တုံး . . . (သုံးဆယ့်နှစ်ကြိမ်ပါဘုရား)။

ဟုတ်တိုင်းမှန်စွာ ဟောတတ်, ပြောတတ်တဲ့ပုဂ္ဂိုလ်ရှာစမ်းပါကွာလို့ ဘယ်နှစ်ကြိမ်လဲ . . . (သုံးဆယ့်နှစ်ကြိမ်ပါဘုရား)။

## အလားတူ (၁၇၉၂) ကြိမ်သွယ်ဝိုက်ပြီးမှာတယ်

ဒါက တိုက်ရိုက်မှာတာ အလားတူသွယ်ဝိုက်ပြီး မှာလိုက်တာကတော့ဖြင့် ၁၇၉၂-ကြိမ်တောင် မှာတယ် . . . (မှန်ပါ့)။

ဘုရားက အသက်ရှစ်ဆယ်နေသွားတယ်၊ ၁၇၉၂-ကြိမ်မှာတယ်ဆိုတော့ ဟုတ်တိုင်းမှန်စွာ ဟောတတ်, ပြောတတ်တဲ့

ဆရာကိုဖြင့် ရှာဖြစ်အောင် ရှာရစ်ပါကွာလို့ဆိုတာ ဦးအောင်ဇံဝေ ဟောသင့်, မဟောသင့် (ဟောသင့်ပါတယ်ဘုရား)။

ကိုယ်ကိုယ်တိုင် တွေ့နေပြီ (မှန်ပါ့)၊ ကိုယ်ကိုယ်တိုင် တွေ့နေတော့ မင်းဘုရားရှိမခိုးဘူးလားသာ မေးမည့်သူ ရှိတယ်နော် (မှန်ပါ့)၊ မင်းခြေထောက်တပ်ပြီး မျက်လုံး မြင်ပလားလို့ မေးမည့်သူက (ရှားပါတယ်ဘုရား)။

ကဲ-မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

မင်းခြေထောက်ကောင်းပလား၊ သွားနိုင်ပလား၊ မျက်လုံးကော မြင်ပလားဟေ့လို့ မေးမည့်သူကတော့ ရှာမှ ရှား. . . (ရှားပါတယ်ဘုရား)၊ မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။

စရဏက ဘာနဲ့တူသတုံး. . . (ခြေထောက်နဲ့ တူပါတယ်ဘုရား)၊ ဝိဇ္ဇာက (မျက်လုံးနဲ့တူပါတယ်ဘုရား)။

မျက်လုံးနဲ့တူတယ်ဆိုတော့ အခုခင်ဗျားတို့ဖြစ်နေတဲ့ အဖြစ်တွေက ကိုယ့်မှာလည်း ခြေထောက်မပါဘူး၊ မျက်လုံးကလည်း အကန်းဖြစ်နေတယ်၊ ဒါနဲ့တောင် ခင်ဗျားတို့ကလည်း နိဗ္ဗာန် သွားချင်တယ်ဆိုတော့ ခက်တယ် . . . (မှန်ပါ့)။

ဘုန်းကြီးညည်းတာများ မင်းတို့က အားငယ်သေးသလား၊ အားများငယ်ကြသေးသလားဆိုတော့ မောင်မြ ပြောရမယ်ကွယ့်၊ ဒီအဓိပ္ပါယ် ဟင်. . . (မှန်ပါ့)၊ ဘာဘူ . . . မပြောရပေဘူးလား . . . (ပြောရပါတယ်ဘုရား)။

ကိုယ့်လည်း ခြေထောက်မတပ်ဘူး၊ ခြေထောက်ရှိမှန်းလည်း မသိဘူး၊ သွားတတ်တဲ့ သဘောလည်းမပါဘူး၊ မျက်လုံးကလည်း မမြင်ဘူး၊ သူတစ်ပါး ခြေထောက်တပ်ပြီး မျက်လုံး မြင်ပြီး သွားတဲ့ ပုဂ္ဂိုလ်တော့ တော်ပါပေ့ဆိုပြီး ချီးမွမ်းနေတယ်ဆိုတော့ ဒီသူဟာ အရုပ်ဆိုးသေးသလား၊ မဆိုးတော့ဘူးလားဆိုတာ အကဲခတ်တာပေါ့ (အရုပ်ဆိုးပါတယ်ဘုရား)၊ အုံးကြည်ပေါ်ပြီဟာ မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ကိုယ်ကိုယ်တိုင် 'လုပ်ရမည့် အလုပ်လား သူတစ်ပါးဂုဏ်ယူတာကို ဂုဏ်ပေးနေဖို့ အလုပ်လားလို့ စစ်စစ်ကြီး မေးလိုက်တဲ့အခါကျတော့ ကိုယ်ကိုယ်တိုင်·လုပ်ရမည့် အလုပ် (မှန်ပါ့)။

အဖွားငြိမ်း ပေါ်ပြီလား . : . (ပေါ်ပါပြီ)၊ မလှဝင်းတို့ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

အေး. . . ဒါကြပ်ကြပ် သတိထားပါ . . . (မှန်ပါ့)။

## ယနေ့ကစပြီးပြင်ကြစို့

ကိုင်း. . . ယနေ့ကစပြီး ပြင်ကြဦးစို့ဆိုတော့ ဦးအောင်ဇံဝေ (မှန်ပါ့)၊ ကိုယ်ကိုယ်တိုင် ခြေထောက်သန်ထွားအောင်လည်း လုပ်ကြဦးစို့နော်. . . (မှန်ပါ့)၊ ကိုယ်ကိုယ်တိုင် မျက်လုံးပွင့်အောင်ကော . . . (လုပ်ရမှာပါဘုရား)။

လုပ်ရမှာပဲ၊ မလုပ်ရင် ရောက်ကိုမရောက်ဘူး . . . (မှန်ပ့ါ)။

ခြေမသန် မျက်လုံးစုံကန်းနေတဲ့ပုဂ္ဂိုလ်ဟာ လိုရာခရီးတော့ မောင်ဇီဝ ရောက်လိမ့်မယ်ဆိုလို့ ရပ့ါမလား . . . (မရပါဘုရား)၊ ဘယ်နည်းနဲ့မှ မရဘူးဆိုတာ သေချာကြပလား. . . (သေချာပါပြီဘုရား)။

အဲဒီတော့ အခု ဒါ. . . တရားစနေတာပဲ (မှန်ပ့ါ)၊ ဩော် - ဒီလိုဆရာနဲ့သာ မတွေ့ရင်တော့ ကိုယ်ကျိုး လှလှကြီးနည်းပေ့ါ၊ ဦးအောင်ဇံဝေ မဆိုသင့်ဘူးလား . . . (ဆိုသင့်ပါတယ်ဘုရား)။

ဒီလို ဆရာသမားကောင်းနဲ့သာ မတွေ့ရင် ကိုယ်ကျိုး လှလှကြီးနည်းပေ့ါ၊ ဘာကြောင့်တုံး ခုနင်က ပြောသလို လိမ်းဆေးနဲ့ အချိန်ကုန်သွားပြီး သောက်ရမည့်ဆေး လိမ်းဆေးနဲ့ပဲ အသုံးချသွားတာနဲ့ပဲ ဘာရောဂါမှန်း မသိလိုက်ဘဲနဲ့ သေပွဲဝင်သွားတယ် အသက်ကြီးလို့နော် . . . (မှန်ပ့ါ)၊ ဒီတော့ မနစ်နာဘူးလား . . . (နစ်နာပါတယ်ဘုရား)။

## ဘုရားကိုရှိခိုးခြင်းသည် သမထ

နစ်နာတယ်တာ ခွဲပြီး မှတ်လိုက်ပါ၊ ဝိဇ္ဇာစရဏာပြည့်စုံတဲ့ ဘုရားကို ရှိခိုးခြင်းသည် သမထ . . . (မှန်ပ့ါ)၊ ဝိဇ္ဇာစရဏာကိုယ်တိုင် ပြည့်စုံအောင်လုပ်ခဲ့သော် ဝိပဿနာ (မှန်ပ့ါ)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒီစကားကလေး တစ်လုံးကိုပဲ အခု ၁၅-မိနစ်၊ ၁၆-မိနစ်လောက် ရှိသွားပြီတဲ့၊ ပြောနေတဲ့ဥစ္စာ ဘယ်နှယ့်ကြောင့် ဒီလောက်တောင် ဆရာဘုန်းကြီးက အရေးတကြီးပြောနေပါ လိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ ဩော်. . . တို့အလွဲကလည်း နည်းနည်းလွဲတာ မဟုတ်ပါလား၊ ပေါ်ပါပြီ ဟင်. . . (မှန်ပါ့)။

## တို့အလွဲကနည်းတာမဟုတ်ဘူး

တို့အလွဲက နည်းနည်းလွဲတယ်ဆိုလို့ရှိရင် ဆရာဘုန်းကြီးက ၁၀-မိနစ်လောက်နဲ့ သိမ်းပစ်ပြီး ပြင်ပေးလိုက်မှာပေါ့၊ တို့-လွဲချက်ကြီးကလည်း တာရှည်လိုက်တာလွန်လို့ မဆိုနိုင်ဘူးလား . . . ဆိုနိုင်သလား (ဆိုနိုင်ပါတယ်ဘုရား)၊ ကဲ. . . ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် လွဲချက် တာရှည်တော့ကို လွဲချက်ကို မှားမှန်းသိမှ ပြင်ဖို့ရာ အဖြေက ထွက်လာမယ် . . . (မှန်ပါ့)၊ နို့မဟုတ်ရင် (မထွက်ပါဘုရား)။

## ကိုယ့်ဟာကိုယ်ဟုတ်နေကြတာ

ကိုယ့်ဟာကိုယ် ဟုတ်နေတဲ့သူက ပြင်ပေးလို့ရရဲ့လား၊ (မရပါဘုရား)။

အခု ကိုယ့်ဟာကိုယ် ဟုတ်နေကြတာပဲ ဘယ်လောက် ကြာကြပလဲ (ကြာပါပြီဘုရား)၊ ကြာပြီ၊ ကိုယ့်ဟာကိုယ် ဟုတ်နေ လိုက်ကြတာ အံမာလေး . . . မနည်းပါဘူး။

ဒီထဲက ကြာတဲ့အထဲမှာ ပြင်ပေးမည့် ဆရာနဲ့လည်း မတွေ့တော့ကို သူတစ်ပါးကြည်ညိုလေးစားပြီးသကာလ ကိုယ့်မှာ သာမည ကုသိုလ်ကလေးလောက်ရပြီး သမထကုသိုလ် လေးလောက်ရပြီး ဝိပဿနာဆိုတဲ့ ဝိဇ္ဇာဉာဏ်ကြီးမရလိုက်တော့ ကိုတဲ့၊ အိုဘေး, နာဘေး, သေဘေးထဲကိုပဲ ပြန်ကျတယ် . . . မကျဘူးလား၊ (ကျပါတယ်ဘုရား)၊ သမထနဲ့ သေသွားတော့လေ (ကျပါတယ်ဘုရား)။

## လိုချင်တာကတစ်မျိုး ရတာကတစ်မျိုး

ဗြဟ္မာဖြစ်တယ်ဆိုငြားသော်လည်း အိုဘေး, နာဘေး, သေဘေး, လွတ်ကဲ့လား (မလွတ်ပါဘုရား)၊ မလွတ်တော့ကိုတဲ့၊ ဩော် . . . သူတို့လိုချင်ရင်းက တစ်မျိုး၊ ရတာက တစ်ဖုံဖြစ် နေတယ် (မှန်ပါ့ဘုရား)။

လိုချင်ရင်းက မအို, မသေ, အမြဲနေတာ ရချင်တယ်နော်၊ (မှန်ပါ့)၊ ဒါဖြင့် တကယ့်ရွှေလိုချင်တာကို ရွှေရောင်ကပ်၊ အခု ပေါ်နေတဲ့ ရွှေပြားတွေ ကပ်ထားတဲ့ ပစ္စည်းရမယ်ဆိုလို့ရှိရင်

ဒါဟာ နာမှာပဲ (မှန်ပါ့ဘုရား)။

ကုလားရွှေ (ကလရွှေ) တပ်ထားတာကို လှည့်ခန့်တို့ ရမယ်ဆိုလို့ရှိရင် လိုချင်တာရွှေစစ်၊ မှတ်တင်ခံတဲ့ ရွှေစစ်ကို လိုချင်တယ်၊ အပြားကပ်ထားတာကြီး ရ-ထားတော့ မှတ်တင်ခံပါမလား (မခံပါဘုရား)။

အခု ဘာတွေ ရ-ထားကြတာတုံး ခင်ဗျားတို့ (အပြားကပ်ထားတာကြီး ရ-ထားပါတယ်ဘုရား)၊ မပြောချင်ပါဘူးဘုရား တပည့်တော်တို့ဖြင့် . . . ဆိုတဲ့ အဓိပ္ပါယ်ဖြင့် ရှင်းလောက်ပါပြီ၊ (မှန်ပါ့)၊ ဦးအောင်ဇံဝေ (မှန်ပါ့ဘုရား)။

## လိမ်းဆေးလုပ်နေတဲ့သူများတယ်

တော်သေးတယ် လာတွေ့တာ (မှန်ပါ့)၊ နို့မို့ ဒီလိုနဲ့ သွားမှာပဲမသွားရပေဘူးလား (သွားရပါတယ်ဘုရား)၊ ကိုင်း-ဒါဖြင့် လိမ်းဆေးလိမ်းပြီးသကာလ သောက်ဆေးအဖြစ်နဲ့ အသုံးမချတဲ့ ပုဂ္ဂိုလ်ပေါင်း ဘယ်လောက်များသတုံးလို့ ဆိုလို့ရှိရင် နောက်က ဒကာ ဒကာမတွေ ဘယ့်နှယ်ဖြေပါ့မလဲ၊ (မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်ဘူး (မှန်ပါ့)၊ အတော် နစ်နာတာပဲ (မှန်ပါ့)၊ အတော် နစ်နာတယ်၊ မောင်မြ ဘယ့်နှယ်ဆိုမလဲ (နစ်နာပါတယ်ဘုရား)။

ဘာဘူ မနစ်နာဘူးလား (နစ်နာပါတယ်ဘုရား)၊ အားကြီးနစ်နာတယ်ဆိုတာ အခိပ္ပါယ် ရှင်းသွားပြီနော် (မှန်ပါ့)၊ ကိုင်းဒါဖြင့် ဝတ္ထု စ, တော့မယ်. . . တဲ့၊ ဝတ္ထုစတော့မယ်။

အင်္ဂုတ္တိုရ်ပါဠိတော်မှာ ရှင်သာရိပုတ္တရာ၊ ပါဠိတော်ဆိုတာ ကိုယ်တော်တိုင်တာဝန်ခံပြီးတော့ ဟောတဲ့ ဥစ္စာ၊ သာရိပုတ္တရာနဲ့ ဥပဝါဏမေးတာ မှန်သဟေ့- ငါဟောလည်း ဒီအတိုင်းဟောမှာပဲဆိုပြီး တံဆိပ်ရိုက်လိုက်တယ် (မှန်ပါ့)၊ သူ့အာဏာတံဆိပ်ရိုက်လိုက်တဲ့စာ၊ သူလုပ်တာပဲနော် (မှန်ပါ့)။

## ရှင်သာရိပုတ္တရာ၏ပညာဉာဏ်

ရှင်သာရိပုတ္တရာက မနေ့က ဟောပြီးသား ပညာအင်မတန်ထက်တဲ့ ပုဂ္ဂိုလ်နော် (မှန်ပါ့)၊ ပညာ အင်မတန်ထက်တဲ့ပုဂ္ဂိုလ်။

ဘယ်လောက်ထိအောင်ထက်သတုံးမေးလို့ရှိရင် ခင်ဗျားတို့ သန္တာန်မှာဖြစ်တဲ့ စိတ်ကလေးဟာ ဟော-အခု ဒီတစ်ကြိမ်မှာ စိတ်ပေါင်း ဘယ်လောက်ဆိုပြီး ရေတွက်လို့ရတယ် (မှန်လှပါဘုရား)။

ခင်ဗျားတို့ ကိုယ့်သန္တာန်သာကိုယ့်စိတ်ဖြစ်တယ်၊ ကိုယ့်သန္တာန်မှာ စိတ်ပေါင်း ဘယ်လောက်ဆိုတာ ရေတွက်လို့ ရရဲ့လား၊ (မရပါဘုရား)၊ သူက ရေတွက်လို့ ရတယ်၊ ဘယ်လောက်

ဉာဏ်ထက်တယ်ဆိုတာ (ထက်ပါတယ်ဘုရား)၊ မသေချာဘူး လား (သေချာပါတယ်ဘုရား)။

## ရှင်ဥပဝါဏကအမေးပုဂ္ဂိုလ်

အဲဒီ ကိုယ်တော်ကြီးက အင်မတန် ဉာဏ်ထက်တဲ့ ကိုယ်တော်ကြီးက အမေးခံတယ်၊ ရှင်ဥပဝါဏဆိုတဲ့ ပုဂ္ဂိုလ်က သူကလည်း ရဟန္တာပဲ၊ သူက အမေးသမား (မှန်ပါ့ဘုရား)။

မနေ့ကနဲ့မတူဘူး၊ မနေ့ကတော့ ရှင်ကောဋ္ဌိက-က မေး တာ၊ ယနေ့ ရှင်ဥပဝါဏက မေးတာနော် (မှန်ပါ့)၊ အရှင်ဘုရား ဝိဇ္ဇာနဲ့ ဝိဇ္ဇာဉာဏ်နဲ့ ဒုက္ခအဆုံးနိဗ္ဗာန်ကို ရောက်နိုင်ပါ့မလား။

ဝိဇ္ဇာဉာဏ်နဲ့ ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန်ရောက်ပါ့မလားတဲ့၊ ရှင်ဥပဝါဏက မေးလိုက်တယ် (မှန်ပါ့ဘုရား)။

'နောဟိဒံ အာဝုသော' မရောက်နိုင်ပါဘူးကွာတဲ့၊ မျက်လုံးသာတပ်ထားတယ်၊ သူက ခြေထောက်က မပါတော့ သွားလို့မဖြစ်ဘူး . . . (မှန်ပါ့)၊ ဖြစ်ပါ့မလား (မဖြစ်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဝိဇ္ဇာဆိုတာ မျက်လုံးနော် (မှန်ပါ)၊ မျက်လုံးသာပါတယ်၊ ခြေတို့ လက်တို့က မပါပြန်ဘူးဆိုလို့ရှိရင်လည်း ရောက်ပါ့မလား (မရောက်ပါဘုရား)။

## ၁။ ဝိဇ္ဇာနဲ့ နိဗ္ဗာန်ရောက်ပါ့မလား

ဒါကြောင့် ဝိဇ္ဇာနဲ့ ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန်ရောက်ပါ့မလား "ဝိဇ္ဇာယ အန္တကရော ဟောတိ" ပါဠိတော်က ဝိဇ္ဇာနဲ့ ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန်ရောက်ပါ့မလားတဲ့၊ မေးလိုက်တယ်။

'နောဟိဒံ အာဝုသော' တဲ့၊ အာဝုသော-ငါ့ရှင်၊ ဣဒံ-ဤစကားသည်၊ နောဟိ = မဟုတ်ဘူးကွ . . . တဲ့၊ (မှန်ပါ့)၊ မဟုတ်ဘူးကွ . . . သူချည်းလည်း မရောက်နိုင်ဘူး၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် မျက်လုံးသာပါ၍ ခြေမပါလို့ . . . မပေါ်သေးဘူးလား (ပေါ်ပါပြီ)၊ ဘယ်လို ပေါ်သွားကြသလဲ. . . (မျက်လုံးသာပါ၍ ခြေမပါလို့ပါဘုရား)။

ဒါဖြင့် သူမှာ ထိုင်လျက်က ပျောက်ချင်တယ်၊ ဟိုရောက်ချင်တယ်ပြောရုံပဲရှိမှာပဲ၊ သွားလို့တော့ မဖြစ်ဘူး ခြေထောက်က မပါဘူး . . . (မဖြစ်ပါဘုရား)၊ မဖြစ်နိုင်ဘူးဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

## ၂။ စရဏနဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့မလား

ဒါဖြင့် မျက်လုံးသာပါလို့ သူလိုရာခရီးကို အရောက်မသွားနိုင်ဘူး . . . (မှန်ပါ့)၊ ဘာဘူ သေချာပလား မျက်လုံးတော့ပါတယ်၊ ခြေထောက်မပါဘူး၊ ရောက်ပါ့မလား . . . (မရောက်ပါ

ဘုရား)၊ မရောက်နိုင်ဘူး၊ သူမေးတာကို မဟုတ်ဘူးကွလို့ ဟိုက ဖြေလိုက်တယ်နော် (မှန်ပါ့)၊ တစ်ခါမေးပြန်တယ်၊ ရှင်ဥပတိဿက "စရဏေန အန္တကရော ဟောတိ" စရဏေန=စရဏ ဆိုတဲ့ သမထနဲ့ သီလသမာဓိနဲ့ အန္တကရော=ဒုက္ခ၏အဆုံးကို ပြုနိုင်ပါ မလား (ဝါ) ရောက်နိုင်ပါ့မလား။

စရဏသက်သက်နဲ့ သီလသမာဓိတို့ကို မြောလိုက်မယ် နော် (မှန်ပါ့)၊ သီလသမာဓိက စရဏပဲ၊ အဲဒီသီလ, သမာဓိ နှစ်ခုနဲ့လည်း ဒုက္ခဆုံးတဲ့ နိဗ္ဗာန် ရောက်နိုင်ပါ့မလားလို့ မေးလိုက် တယ်၊ သူကလည်း ခြေသာပါတယ်၊ မျက်လုံးမပါပြန်ဘူး (မှန်ပါ့)၊ ပါသေးရဲ့လား . . . (မပါ-ပါဘုရား)။

## မရောက်နိုင်ဘူးတဲ့

မပါတော့ ဘယ့်နှယ်ဖြေပါ့မလဲ (မရောက်နိုင်ပါဘုရား) အဲ. . . ဒါ့ကြောင့် "နောဟိဒံ အာဝုသော" တဲ့၊ အာဝုသော= ငါ့ရှင်၊ ဣဒံ = ဤစကားသည်၊ နော=မဟုတ်ဘူးကွ၊ မရောက်နိုင် ဘူးကွ၊ ရှင်းပလား . . . (မှန်ပါ့)၊ ဘယ်နှစ်ခုပြီးသွားပလဲ (နှစ်ခု ပါဘုရား)၊ အဖြေနှစ်ခု ပြီးသွားပြီ။

အဖြေလည်း ပြီးသွားပြီတဲ့၊ ဒါတွေကို မောင်မြတို့ သေ သေချာချာ ဒီလို ရှင်းရှင်းလင်းလင်းပြောပေးမည့် ဆရာသမားနဲ့

မကြုံဘူးလို့ ဆိုရင်ဖြင့်မင်းတို့လုပ်နေတာ အကောင်းချည်းပဲ ထင်နေမှာပဲ . . . (မှန်ပါ့)။

ဦးအောင်ဇံဝေ၊ ဘယ့်နှယ် ထင်မလဲ . . . (အကောင်းချည်းထင်ပါတယ်)၊ ကိုယ်လုပ်နေတာ (အကောင်းချည်းထင်ပါတယ်ဘုရား)၊ အကောင်းချည်း ထင်တာပဲ၊ ကိုယ်လိုရာ ရောက်မှာပဲ ဆုံးဖြတ်ချက် ချနေတာပဲ . . . (မှန်ပါ့)။

အခု မျက်လုံးနဲ့ ခြေထောက်နဲ့ ဝေဖန်လိုက်တဲ့ အခါကျတော့မှ မျက်လုံးချည်းလည်း (မရောက်နိုင်ပါဘုရား)၊ ခြေထောက်ချည်းသက်သက်လည်း (မရောက်နိုင်ပါဘုရား)။

မျက်လုံးမပါတော့လည်း ရမ်းဦးမှာကိုး ဗျ၊ အရှေ့သွားပေမယ့်လည်း အနောက်ရောက်ချင် ရောက်ဦးမှာကိုး၊ မျက်လုံးမပါသည့် ခြေထောက်ချည်း သမားကလေး (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဒီဟာက အမေးဘယ်နှစ်ခု, အဖြေဘယ်နှစ်ခု ပြီးသွားပလဲ (နှစ်ခုပြီးပါပြီ)၊ ရှင်းပြီနော် . . . (မှန်ပါ့)။

## ၃။ ဝိဇ္ဇာစရဏနဲ့ရော နိဗ္ဗာန်ရောက်ပါ့မလား

တစ်ခါ ဆက်မေးပြန်တယ်၊ ဝိဇ္ဇာရော စရဏရော ပြည့်စုံလို့ရှိရင်လည်း ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန်ရောက်ပါ့မလားတဲ့။

ဒါလည်း "နောဟိဒံ အာစုသော" ပဲ၊ အာဝုသော=ငါ့ရှင်၊ ဣဒံ = ဤစကားသည်၊ နောဟိ = မသင့်ဘူးကွာတဲ့၊ ဒီလိုလည်း မရောက်နိုင်ပါဘူးတဲ့၊ ဖြေလိုက်တယ်နော် . . . (မှန်ပါ့)။

ဒီလိုဖြေလိုက်တယ်တဲ့၊ နှစ်ခုစုံလည်း မရောက်ဘူး၊ ခင်ဗျားတို့ သံသယရှိသွားတာပေါ့၊ မရှိဘူးလား . . . (ရှိပါတယ်) သံသယဝင်လာတာပေါ့၊ သံသယဝင်လာပြီ . . . (မှန်ပါ့)။

သံသယဝင်လာပြီတဲ့၊ အရင်တော့ တစ်ခုစီ မေးလိုက်တော့ ရှင်းနေတယ်၊ မျက်လုံးနဲ့ ခြေထောက်တွင်ခွဲပြီး စေဖန်ဟောနေတုန်းကတော့ ဒကာ-ဒကာမတွေက ဉာဏ်ထဲမှာ ရှင်းသွားတယ် . . . (မှန်ပါ့)။

## မရောက်ဘူးဘဲဖြေတော်မူတယ်

အခု တတိယမေးခွန်း ဝိဇ္ဇာရော၊ စရဏာရော ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန် မရောက်နိုင်ဘူးလားလို့ မေးတော့ မရောက်ဘူးတဲ့ ဖြေတယ်နော် . . . (မှန်ပါ့)။

မရောက်ဘူးတဲ့ ဖြေပြန်တယ်ဆိုတော့ လူညွန့်တို့ တော်တော်ခက်သွားတယ်. . . (မှန်ပါ့)၊ မခက်သေးဘူးလား (ခက်ပါတယ်ဘုရား)၊ သံသယရှိမလာဘူးလား (ရှိလာပါတယ်ဘုရား)။

ရော. . ခက်လိုက်တာ၊ နှစ်ခုစလုံးပြည့်စုံအောင် ခုနင်တုန်းကတော့ ခြေထောက်ကလည်း သွက်မယ်၊ မျက်လုံး

ကလည်း မြင်မယ်ဆိုရင် လိုရာခရီးရောက်မယ်လို့ ပြောထား တာနဲ့ အခုရှင်သာရိပုတ္တရာကြီးကလည်း ဒါနဲ့လည်း မဖြစ် နိုင်တော့ဘူးလို့ဖြေတော့ တို့ဖြင့် မကြံတတ်၊ မစည်တတ် ဖြစ်ပေါ့ လို့ဆိုတဲ့ အခိပ္ပါယ်ရောက်သွားတယ် . . . (မှန်ပါ့)၊ မရောက်ဘူး လား . . . (ရောက်ပါတယ်ဘုရား)။

မကြံတတ် မစည်တတ် ဖြစ်သွားပြီဆိုတာ ရောက်သွားပြီ (မှန်ပါ့)၊ မရောက်သေးဘူးလား (ရောက်ပါတယ်ဘုရား)၊ ရောက် နေပြီဆိုတာ သေချာပလား . . . (သေချာပါပြီ)။

အဲဒီတော့ကိုတဲ့ ဒီလိုယူပါတဲ့၊ ဝိဇ္ဇာစရဏပြည့်စုံပေမယ့် လည်း ဝိဇ္ဇာ ပြည့်စုံတာကလည်း ဒီခန္ဓာထဲမှာပဲ ဝိဇ္ဇာပြည့်စုံတာ ပဲ။ စရဏပြည့်စုံတာကလည်း ဒီခန္ဓာထဲမှာပဲ မနေဘူးလား (နေပါတယ်ဘုရား)။

## နိဗ္ဗာန်ကိုမြင်သာမြင်တယ်မရောက်သေးဘူး

သီလနဲ့ သမာဓိက စရဏ၊ ဝိဇ္ဇာက သမ္မာဒိဋ္ဌိမဂ္ဂင်ပေါ့ ကွာ၊ မင်းတို့ မဂ္ဂင်တွေပေါ့ (မှန်ပါ့)၊ နှစ်ခုပြည့်စုံနေတဲ့ပုဂ္ဂိုလ် ဒုက္ခ အဆုံးမရောက်သေးဘူးလားဆိုတော့ သူကလည်း ခန္ဓာရှိနေ သေးလို့ရှိရင် မြင်သာမြင် မရောက်သေးဘူး . . . (မှန်ပါ့)။

သွားလည်း သွားတယ်၊ မြင်လည်းမြင်တယ် ခန္ဓာကြီးက ရှိနေသေးတော့ နိဗ္ဗာန်က လက်မခံဘူး . . . (မှန်ပါ့)၊ ခံပါ့မလား (မခံပါဘုရား)။

ခန္ဓာက ဒုက္ခသစ္စာကိုး၊ ဒုက္ခသစ္စာကို နိဗ္ဗာန်ကလက်ခံရဲ့လား. . . (လက်မခံပါ)၊ ဒုက္ခသစ္စာချုပ်မှ ရောက်မယ်ပေါ့ (မှန်ပါ)။

အဲဒီတော့ ခန္ဓာရှိနေတုန်းလည်း ဝိဇ္ဇာနဲ့စရဏပြည့်စုံရင်တော့ဖြင့် မြင်ရတယ်၊ နီးကပ်တယ်၊ ကိုယ်ကိုယ်တိုင် နိဗ္ဗာန်မရောက်သေးဘူး. . . (မှန်ပါ)၊ ပေါ်ပလား. . . (ပေါ်ပါပြီ)။

အဖြေထွက်သွားပြီနော်. . . (မှန်ပါ)၊ ဘယ်နှယ့်တုန်း။ ဝိဇ္ဇာစရဏပြည့်စုံရတာလဲ "နောဟိဒံ အာဝုသော-ပဲ" အဝုသော = ငါ့ရှင်၊ ဣဒံ = ဤစကားသည်၊ နောဟိ = မသင့်သေးပါဘူးကွာတဲ့။

## ခန္ဓာရှိနေတုန်းနိဗ္ဗာန်မရောက်သေးဘူး

ခန္ဓာရှိနေသေးတယ်ကွတဲ့၊ ဝိဇ္ဇာနဲ့ စရဏပြည့်စုံတဲ့ ပုဂ္ဂိုလ်မှာလည်း ခန္ဓာရှိနေသေးတော့ ခန္ဓာချုပ်ငြိမ်းနိဗ္ဗာန်ကိုး. . . (မှန်ပါ)။

ဒါနဲ့လည်းမရောက်သေးဘူးပေါ့လေ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် အရှင်ဥပဝါဏက ဘောက်ဆန့်ဆန်ပဲ မေးတယ်လို့ အောက်မေ့လိုက်ပါတော့ (မှန်ပါ)၊ ဒါမေးရုံရှိတော့တာပကိုး၊ ဘောက်ဆန်ဆန်ရှိတော့တာကိုး (မှန်ပါဘုရား)။

## ၄။ ဝိဇ္ဇာစရဏမပါဘဲနဲ့ရောက်မလား

ဒါဖြင့် ဝိဇ္ဇာစရဏမပါဘဲနဲ့ ရောက်တော့မှာလားလို့ ဘောက်ဆန်ဆန်မေးလိုက်တယ် (မှန်ပါ့)၊ ဟာ. . . ဝိဇ္ဇာစရဏမပါ၊ ဝိဇ္ဇာစရဏ ချန်ထားလို့ ရှိရင်လဲကွာတဲ့ ဒီလို မမေးပါနဲ့တဲ့ ဒါလည်း မရောက်နိုင်ဘူးတဲ့ (မှန်ပါ့ဘုရား)။

ပြည့်စုံတုန်းကမှ မရောက်ဘဲကိုးဗျ၊ မပြည့်စုံတော့ (မရောက်နိုင်ပါဘုရား)၊ မရောက်နိုင်ဘူးဆိုတော့ သူ. . . လေးချက်စလုံး မရောက်နိုင်ဘူး ဖြေတာ ရှင်သာရိပုတ္တရာက (မှန်ပါ့)၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

## တပည့်တော်မေးစရာကုန်ပြီ

ပေါ်ပြီတဲ့ အင်မတန်နေရာကျသွားပြီ၊ အဖြေတည့်သွားပြီ (မှန်ပါ့)၊ ဒါနဲ့ပြန်မေးတယ်၊ အရှင်ဘုရား. . . ဒုက္ခအဆုံးမရောက်တာချည်းဘဲလို့ ပြောနေတော့ ပထမမေးတုန်းကလည်း ဝိဇ္ဇာနဲ့ဒုက္ခအဆုံး နိဗ္ဗာန်ရောက်ပါ့မလား ဆိုတော့လည်း "နောဟိဒံအာဝုသော" မရောက်ဘူးတဲ့၊ စရဏနဲ့ရောက်ပါ့မလားဆိုတော့လည်း "နောဟိဒံအာဝုသော" မရောက်နိုင်ဘူးကွ. . တဲ့၊ နို့ဝိဇ္ဇာစရဏနှစ်ပါး ပြည့်စုံတဲ့ပုဂ္ဂိုလ် ရောက်ပါ့မလားဆိုတော့လည်း၊ "နောဟိဒံအာဝုသော" မရောက်ဘူးကွ. . . တဲ့၊ ဝိဇ္ဇာစရဏမရှိတဲ့နောက်ကော ရောက်ပါ့မလား မေးတော့လည်း

မရောက်ဘူးကွ လို့ဆိုတော့ တပည့်တော်မေးစရာကုန်ပြီတဲ့၊ ရိပ်မိကြပလား (ရိပ်မိပါပြီ)၊ မေးစရာဘာတဲ့တုန်း (ကုန်ပါပြီဘုရား)။

## ဆရာမကူရင်ရကိုမရဘူး

ကိုင်း-ဟိုဘက်က သံဃာတော်တွေကလည်း သေသေချာချာမှတ်ရမယ်၊ ဒီဥစ္စာက အင်မတန်မှအရေးလည်းကြီးပါတယ်၊ ကိုယ်အလိုရှိတဲ့ခရီးကိုလည်း ဘာလုပ်လုပ် ခင်ဗျားတို့က နိဗ္ဗာန်ရောက်ဖို့လုပ်ကြတယ်၊ နိဗ္ဗာန်ရောက်ဖို့ ဆိုငြားသော်လည်း ကိုယ့်အထင်မှာ ကိုယ်ရောက်ပြီးနေငြားသော်လည်း အမှန်တကယ်အစစ်နဲ့ရောက်ဖို့ကျတော့ ဆရာသမားမကူရင် ရကိုမရဘူး၊ ရပ့ါမလား (မရနိုင်ပါဘုရား)။

ဆရာသမား မကူရင်လေ (မရနိုင်ပါဘုရား)၊ မရနိုင်ဘူးဆိုတာ သေချာပလား (သေချာပါပြီ)။

အေး. . . ဒါကြောင့် ဩော်. . . တော်တော်မကဘူး၊ အကြီးအကျယ်အရေးကြီးပါကလားဆိုတာ ခင်ဗျားတို့ပေါ်လာတယ် (မှန်ပါ့)၊ မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား)။

## ဝိဇ္ဇာချည်းသက်သက်ဘယ်ကရမှာတုံး

အဲ . . . ဒါဖြင့် အရှင်ဘုရားတပည့်တော်မေးစရာမရှိဘူးတဲ့။

ကိုင်း. . မေးစရာမရှိ ငါအဖြေပေးပါမယ်တဲ့၊ မင်းပထမ မေးတာက ဝိဇ္ဇာဆိုတဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်နဲ့ နိဗ္ဗာန်ရောက်ပါ့မလားလို့ မင်းမေးတဲ့အခါကျတော့ ဝိဇ္ဇာချည်းသက်သက် ဘယ်ကလာ ရောက်မှာတုံးကွ တို့ခြေထောက်မှမပါဘဲတဲ့ (မှန်ပါ့ဘုရား)။

မရောက်နိုင်ဘူး၊ ဒါကြောင့် ငါမရောက်ဘူးလို့ ပြောလိုက် တယ်၊ ရှင်းပလား (ရှင်းပါပြီ)၊ ခြေထောက်မပါဘူး၊ မျက်လုံးချည်း ဖွင့်နေရုံနဲ့ဆိုရင် ထိုင်နေရာကနေပြီး မြင်ရုံမြင်ရမှာပေါ့၊ ရောက် နိုင်ပါ့မလား (မရောက်နိုင်ပါဘုရား)။

အဲဒါကြောင့် ငါက "နောဟိဒံအာဝုသော" ငါ့ရှင် မဟုတ် ပါဘူးလို့ဖြေလိုက်ခြင်းဟာ မမှားပါဘူးတဲ့၊ မှားသေးသလား (မမှားပါဘုရား)။

## စရဏချည်းသက်သက်နဲ့မရောက်ဘူး

ဒါနဲ့မင်းဟာက ဒုတိယမေးခွန်းကလည်း စရဏချည်း သက်သက်နဲ့ ဒုက္ခအဆုံးကိုရောက်ပါ့မလားလို့ မေးပြန်တော့ လည်း ငါကမရောက်ဘူးပဲဖြေရမှာပဲ၊ ခြေသာပါ၍ မျက်လုံးက မသန်ဘူးကွတဲ့ (မှန်ပါ့ဘုရား)။

ရောက်နိုင်သေးရဲ့လား (မရောက်နိုင်ပါဘုရား)၊ ဒါဖြင့် နောက်ထပ် အဖြေရှင်းလိုက်တော့လည်း ကိုက်မနေဘူးလား (ကိုက်နေပါတယ်ဘုရား)။

ဥပါဒါန်ရှိလျက်နဲ့ကွာ နိဗ္ဗာန်မရောက်နိုင်ပါဘူးတဲ့ (မှန်ပါ့)၊ ဝိဇ္ဇာချည်းသက်သက်လည်း ဥပါဒါန်ကရှိနေသေးတယ်၊ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် ဆိုတဲ့ ဥပါဒါန်တွေက ရှိနေသေးတယ်နော် (မှန်ပါ့ဘုရား)။

## ဥပါဒါန်ရှိနေလို့မရောက်နိုင်ဘူး

ဥပါဒါန်ရှိနေသောကြောင့် ဝိဇ္ဇာချည်းသက်သက်လည်း နိဗ္ဗာန်မရောက်နိုင်ဘူး (မှန်ပါ့)၊ ပေါ်ပလား (ပေါ်ပါပြီ)၊ ဥပါဒါန်ရှိနေသောကြောင့် စရဏချည်းသက်သက်ကော (မရောက်နိုင်ပါဘုရား)။

ဥပါဒါန်ရှိနေသောကြောင့် ဝိဇ္ဇာစရဏပြည့်စုံလည်း မရောက်သေးဘူးတဲ့၊ ဒီခန္ဓာကြီးနဲ့တော့မရောက်နိုင်ဘူးပြောတာ၊ ခုနင်က အဖြေပေးခဲ့ပြီနော် (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ကွာတဲ့ ငါအဖြေမှန်မှန်ပေးရလို့ရှိရင်ဖြင့် စရဏပျက်လို့ရှိရင် ဝိဇ္ဇာမှန်မှန်မသိဘူးကွတဲ့ (မှန်ပါ့ဘုရား)။

စရဏပျက်လို့ရှိရင် ဝိဇ္ဇာမှန်မှန်မသိဘူးတဲ့ "စရဏဝိပလ္လဿယထာဘူတံ နဇာနာတိ"၊ စရဏဝိပလ္လဿ = သီလသမာဓိပျက်နေတဲ့ပုဂ္ဂိုလ်အား၊ ယထာဘူတံ = ဟုတ်တိုင်းမှန်စွာ။ နဇာနာတိ = မသိနိုင် (မှန်ပါ့)။

## စရဏမပျက်ဝိဇ္ဇာထက်မှရောက်မယ်

သမာဓိနဲ့ သီလပျက်နေရင် ဟုတ်တိုင်းမှန်စွာ မသိဘူးတဲ့ (မှန်ပါ့)၊ ဒါဖြင့် စရဏမပျက်တဲ့ပုဂ္ဂိုလ်ဖြင့် စရဏလည်းမပျက်ဘူး၊ ဝိဇ္ဇာလည်းထက်မယ် ဆိုလို့ရှိရင်တော့ဖြင့် ဒါရောက်ပါတယ် (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

စရဏလည်းမပျက် ဝိဇ္ဇာလည်းထက်မယ်ဆိုရင် (ရောက်ပါတယ်ဘုရား)၊ ရိပ်မိပလား (ရိပ်မိပါပြီ)၊ ဒါဖြင့် ဒီအဓိပ္ပါယ်ဟာဘာကိုရှင်သာရိပုတ္တရာကြီးအလိုရှိလို့ ပြောပါလိမ့်မတုံးဆို စရဏမပါဘဲနဲ့ သီလကလည်းမလုံခြုံ သမထကလေးကလည်း ထိုက်တန်သလောက်မှ သမာဓိအားမပြုဘဲနဲ့ ဝိဇ္ဇာဉာဏ်ဟာ ဘယ်နည်းနဲ့မှ ဟုတ်တိုင်းမှန်စွာ မမြင်နိုင်ဘူးတဲ့ (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## သီလသမာဓိပျက်ရင်ဝိဇ္ဇာမဖြစ်

သီလကလည်းမလုံခြုံ၊ သမထကလည်း မတည်ကြည်ဘဲနဲ့ ဝိဇ္ဇာချည်းလုပ်နေလည်း ရပ့ါမလား (မရပါဘုရား)။

ဒါဖြင့်သမထပျက်ရင် ဝိဇ္ဇာမဖြစ်နိုင် (မှန်ပါ့)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)၊ သမထပျက်ရင် (ဝိဇ္ဇာမဖြစ်နိုင်ပါဘုရား)။

သီလသမာဓိပျက်ရင်ဗျာ၊ ကဲ ဘာဆိုကြမလဲ၊ (ဝိဇ္ဇာမဖြစ်နိုင်ပါဘုရား)၊ သီလသမာဓိပျက်ရင်တော့ ဝိဇ္ဇာမဖြစ်နိုင်တော့ဘူးတဲ့ (မှန်ပါ့)၊ အဲ. . . သီလ သမာဓိကို ဒကာ ဒကာမတွေက မှတ်လိုက်တာပေ့ါ၊ ခြေထောက်နော် (မှန်ပါ့)။

ဝိပဿနာ မဂ်ပညာကို မျက်လုံးထားလိုက်တာပေ့ါနော်၊ (မှန်ပါ့)၊ ခြေထောက်ကျိုးနေရင်လည်း မရောက်ဘူး၊ မျက်လုံးချည်း သက်သက်လည်း (မရောက်ပါဘုရား)၊ မရောက်ဘူး။

## ညီညွတ်ရင်ခန္ဓာစွန့်ပြီးနိဗ္ဗာန်ရောက်မယ်

ခြေထောက်ရော-မျက်လုံးရော ညီညီညွတ်ညွတ်ရှိခဲ့လို့ ရှိရင်ဖြင့်တဲ့၊ ဒီခန္ဓာစွန့်ပြီးနိဗ္ဗာန်ရောက်မယ်၊ သဘောကျပလား (မှန်ပါ့)။

ဒီခန္ဓာစွန့်ပြီးမှ ဒါလည်းနိဗ္ဗာန်ဖြစ်မယ်၊ နို့မဟုတ်လို့ရှိရင် ခန္ဓာကြီးနဲ့ ဒုက္ခသစ္စာကြီးနဲ့တော့ နိဗ္ဗာန်ကလက်မခံဘူး (မှန်ပါ့)၊ ခံနိုင်ပါ့မလား (မခံနိုင်ပါဘုရား)။

ဒါဖြင့်ဒီလိုမှတ်ကြပေတော့၊ စရဏနဲ့ ဝိဇ္ဇာစုံတဲ့ ပုဂ္ဂိုလ်ဟာ မြင်တော့မြင်ရပြီနော်၊ (မှန်ပါ့)၊ မြင်ပင်မြင်ငြားသော်လည်း ဥပဒေ မညီသေးလို့ သူ့ကို နိဗ္ဗာန်က လက်မခံသေးဘူး၊ ဥပဒေ မညီ သေးလို့နော် (မှန်ပါ့)။

ဘာဥပဒေ မညီသတုံးဆိုတော့ သူဟာ ဥပါဒါနက္ခန္ဓာကြီးရှိနေသေးတယ်၊ သဘောပါပလား (ပါပါပြီဘုရား)။

ဘယ်လိုမှတ်ကြမယ် (ဥပါဒါနက္ခန္ဓာကြီးရှိနေပါသေးတယ်ဘုရား)၊ ဥပါဒါနက္ခန္ဓာဆိုတာ ယခုခန္ဓာကြီးပေါ့ကွာ၊ ကိလေသာမရှိငြားသော်လည်း ဒီဟာကြီးက ဥပါဒါနက္ခန္ဓာပဲ သူရှိတယ်။ ဥပါဒါန်၏အာရုံဖြစ်နေသေးတာပဲ (မှန်ပါ့)၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

## အင်မတန်လှတဲ့မာဂဏ္ဍီ

ဥပါဒါန်၏ အာရုံဖြစ်တယ်-မဖြစ်တယ် ဘုန်းကြီးရှင်းပြမယ်နော် (မှန်ပါ့)၊ မာဂဏ္ဍီ ပုဏ္ဏားကြီး၏ သမီးကလေး သူကလေးဟာ အင်မတန်ချော, အင်မတန်လှပါတယ် (မှန်ပါ့)။

မာဂဏ္ဍီဆိုတဲ့ ဒကာမကလေးက အင်မတန်ချော့, အင်မတန်လှ နေတော့ ပုဏ္ဏားက သူ့သမီးကြည့်ပြီး အင်မတန်ဘဝင်မြင့်နေတယ်၊ ငါ့သမီးကို တော်တော့လူနဲ့ မပေးစားနိုင်ဘူးဆိုပြီး ပုဏ္ဏားက ဘဝင်မြင့်နေတယ် (မှန်ပါ့)။

သူက ဗေဒင်တတ်တယ်၊ ဗေဒင်တတ်တော့ စက်လက္ခဏာတွေ ကြည့်ဦးမယ်၊ စက်လက္ခဏာနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဆိုရင် သူ့သမီးနဲ့ ပေးစားမယ် (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီဘုရား)။

## ပုဏ္ဏားလင်မယားကျွတ်တမ်းဝင်မှာမြင်တယ်

ဒါနဲ့ ဘုရားကလည်း ဒီပုဏ္ဏားလင်မယားတော့ ကျွတ်တမ်းဝင်စရာမြင်တယ်၊ သူ့သမီးမာဂဏ္ဍီကတော့ဖြင့် အပါယ်ကျစရာမြင်တယ်၊ သို့သော်. . နှစ်ယောက်ကတော့ ကယ်တင်ရမှာပဲ၊ တစ်ယောက်တော့ သူ့အကြောင်းနဲ့သူ မတတ်နိုင်ဘူး-ဆိုပြီး ဘုရားက ပုဏ္ဏားအိမ်ဘက် ဆွမ်းခံသွားပြီး ခြေရာချလိုက်တယ်၊ ပုဏ္ဏားအိမ်သွားပြီး ခြေရာချတယ်၊ ခြေရာကဘုရားကထင်စေ ချင်မှ ထင်တာကိုး (မှန်ပါ့)၊ မထင်စေချင်ရင် မထင်ဘူး။

ဒါနဲ့ ပုဏ္ဏားကလည်း သားသမက်လောင်းရှာနေတယ်တဲ့၊ ခြေရာလျှောက်ရှာပြီးနေတော့ ဒီခြေရာကိုသွားပြီး တွေ့တယ်၊ (မှန်ပါ့)။

## ခြေတော်ရာချခဲ့တယ်

ဒါနဲ့ သူ့ပုဏ္ဏေးမကို သွားပြောတယ်၊ ဟေ့. . . တို့ဗေဒင်ကျမ်းနဲ့ညီတဲ့ သားမက်လောင်းတော့ တွေ့ပြီကွ. . . ဘယ့်နှယ်နေလို့တုံး မေးတော့ အို. . . စက်လက္ခဏာတွေ စုံနေတာပဲ၊ တို့သမီးကလည်း ဒီလိုပုဂ္ဂိုလ်မျိုးနဲ့မှ တန်တယ်၊ ဒါမှ ပေးစားနိုင်တယ်၊ ပုဏ္ဏားက ဖြစ်နေတာပေါ့လေ့ (မှန်ပါ့)။

ပုဏ္ဏေးမကတော့ ပါးတယ်၊ မဟုတ်သေးဘူး၊ အခု သင်ပြောတဲ့ခြေရာအတိုင်းဆိုရင် ဒီခြေရာက ကိလေသာကုန်ခန်းတဲ့ခြေရာပဲ၊ ပုဏ္ဏေးမက ပါးတယ်၊ ကိလေသာမရှိဘူး သူ့မှာ ဘယ်မှာပေးစားလို့ရလိမ့်မလဲ . . . (မှန်ပ့ါ)။

## ပုဏ္ဏားကခြေရာခံပြီးလိုက်တယ်

ဟာ. . . နင်မသိပါဘူး၊ ပုဏ္ဏားက အော်တာပါပဲ၊ နင်မသိဘူး၊ ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးထံ ခြေတော်ရာ **ချပြီး** တစ်နေရာမှာသွားပြီး နေလိုက်တယ်၊ ပုဏ္ဏားက ခြေရာခံပြီး လိုက်လာတယ်၊ ပုဏ္ဏေးမကိုလည်း သူ-အော်ပစ်ခဲ့တယ် နင်မသိပါဘူးလို့ ပုဏ္ဏေးမက မှန်နေတာ မှန်တာက . . . (မှန်ပ့ါ)၊ ဒီဉစ္စာ အာသဝေါကုန်ပြီးသားပုဂ္ဂိုလ်၏ခြေရာတဲ့၊ ဒီခြေရာသေးတာ မဟုတ်ဘူးတဲ့ . . . (မှန်ပ့ါ)။

## သူ့သမီးကို ထိန်းသိမ်းပါတဲ့

ဟာ . . . နင်မသိဘူးဆိုပြီး အတင်းလိုက်တယ်၊ လိုက်တော့ ဘုရားနဲ့သွားတွေ့တယ်၊ တွေ့တော့ ဘုရားသခင်ကိုယ်တော်မြတ်အား သူ့သမီးဟာ ဘယ်လိုပုဂ္ဂိုလ်တွေနဲ့မှ မပေးစားနိုင်ဘူးတဲ့၊ ဗေဒင်ကျမ်းမှာ ကြည့်လိုက်တဲ့အခါ ဒီလိုပုဂ္ဂိုလ်နဲ့

မှ ပေးစားနိုင်တယ်၊ ဒါ့ကြောင့် သူ့သမီးကို ထိန်းသိမ်းပါတဲ့ ပုဏ္ဏားက. . . (မှန်ပ့ါ)၊ နားလည်းပလား. . . (မှန်ပ့ါ)။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပြောလိုက်တယ်၊ ငါဟာ မင်းရဲ့လူဆိုတဲ့ ဒကာမကို မဆိုပါနဲ့၊ မာရ်နတ်မင်းကြီး၏ သမီးတွေဖြစ်တဲ့တဏှာတို့ ရာဂါတို့ဆိုတဲ့ ပုဂ္ဂိုလ်တွေ ငါ့ကို လာပြီးဖြားယောင်းကြတာတောင် ခြေဖျား ၇ မတို့ပါဘူးတဲ့ ဘုရားက ပြောလိုက်တယ်. . . (မှန်ပ့ါ)။

## အပုပ်, အရွဲတွေနဲ့ခန္ဓာကိုယ်

မင်းသမီး မာဂဏ္ဍီလို သုံးဆယ့်နှစ်ကောဋ္ဌာသ အပုပ်, အရွဲတွေနဲ့ ခန္ဓာကိုယ်ကြီးစုနေတဲ့ဥစ္စာ ဘယ်မှာ ငါသည် သိမ်းပိုက်နိုင်မလဲတဲ့ ဘုရားက ပြောလိုက်တယ်. . . (မှန်ပ့ါ)။

ဟိုမှာ သုံးဆယ့်နှစ်ကောဋ္ဌာသ မပြည့်စုံတဲ့ နတ်သမီးတွေတောင်မှ ငါ-မပြစ်မှားခဲ့ဘူးတဲ့၊ ဒီမှာ သုံးဆယ့်နှစ်ကောဋ္ဌာသဆိုတဲ့ အညစ်အကြေးတွေ အသုဘကြီးတွေ ဘယ်မှာ ငါယူပ့ါမလဲ-တဲ့၊ ဘုရားက ပြောလိုက်တယ်။

## မာဂဏ္ဍီ၊ ရန်ညှိုးစဖွဲ့တယ်

မာဂဏ္ဍီက အဲဒီကတည်းကစ,ပြီး ရန်ညှိုးဖွဲ့တာ (မှန်ပ့ါ)၊ ငါ့ကို ဒီလိုဆိုရမလားပေါ့လေ ပုဏ္ဏားသမီး၊ အဲဒီက စပြီး ရန်ညှိုးဖွဲ့တာပဲ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ နတ်သမီး နတ်သားများမှာတော့ မှတ်ထားကြပါ သုံးဆယ့်နှစ်ကောဋ္ဌာသ မစုံဘူးနော် (မှန်ပါ့)၊ ပုပ်တာတွေ ရိတာတွေ သွေးတို့ ပြည်တို့ ဒါတွေ မရှိဘူး သူတို့မှာ သန့်သန့်ရှင်းရှင်းပေါ့လေ (မှန်ပါ့)၊ ဒါ. . . ဘုရားကပဲ ဖွင့်ချလိုက်တာနော် . . . (မှန်ပါ့)။

## နတ်သမီးတွေတောင်ခြေဖျားနဲ့မတို့ခဲ့

သုံးဆယ့်နှစ်ကောဋ္ဌာသ မပြည့်စုံတဲ့ နတ်သမီးတွေတောင်မှ ငါ့-ခြေဖျားနဲ့ မတို့ဘဲနဲ့ သင့်မှာ သုံးဆယ့်နှစ်ကောဋ္ဌာသကြီးအပြည့်အစုံနဲ့ အသုဘထည်ကြီး ငါ့ကို လာလွှဲလို့ ဘယ်မှာသာလျှင် ငါ-သိမ်းပိုက်နိုင်ပါ့မလဲလို့ ပြောလိုက်တော့ ပုဏ္ဏားလန့်သွားတာပေါ့လေ၊ အဲဒီမှာ သမီးကလည်းကြားတော့ သမီးကရန်ညှိုးဖွဲ့တယ်၊ ငါ-ဒါလောက်ချော, ဒါလောက်လှပြီး သကာလနေတဲ့ဥစ္စာ ငါ့ကို၊ ဒီလိုပြောရမလားပေါ့လေ. . . (မှန်ပါ့)၊ အံမာလေး. . . ကြောက်စရာကြီးပါလား၊ ကြောက်စရာကြီးပဲ. . . (မှန်ပါ့)။

## နတ်နဲ့လူဘာထူးသတုံး

အဖွားကြီးတွေ ကြားရဲ့လား (မှန်ပါ့)၊ ဒါဖြင့် နတ်နဲ့ လူဘာထူးသတုံး၊ မေးရင်ကော ဖြေတတ်ကြပလား (ဖြေတတ်ပါ

ပြီဘုရား)၊ လူက သုံးဆယ့်နှစ်ကောဋ္ဌာသ စုံတယ်နော်. . . (မှန်ပါ့)၊ နတ်က (မစုံပါဘုရား)၊ မစုံဘူးဆိုတာ ဘုရားကိုယ်တော်တိုင်ကလည်း ဖွင့်ပြီးပြောခဲ့တယ် (မှန်ပါ့)။

အဲဒီတော့ ဒီခန္ဓာကြီးမှာ သုံးဆယ့်နှစ်ကောဋ္ဌာသ အပုပ်အရွဲ ဒုက္ခသစ္စာကြီးရှိနေတော့ အသုဘကြီးကို နိဗ္ဗာန်က လက်ခံပါ့မလား (မခံပါဘုရား)၊ မခံဘူး-တဲ့၊ ဒါ့ကြောင့် နိဗ္ဗာန်ဆိုတာက သုဘနိဗ္ဗာန်ကိုး (မှန်ပါ့)။

လူ့ခန္ဓာကိုယ်က အသုဘ ခန္ဓာကိုယ်ကို ရှင်းပလား (ရှင်းပါပြီဘုရား)၊ အသုဘခန္ဓာဟုတ်တယ်- မဟုတ်တယ် မင်းတို့ လေးသချင်္နဲ့ ကမ္ဘာတစ်သိန်း, ပါရမီဖြည့်ဆည်းပူးပြီးသား ကိုယ်တော်မြတ်ကြီးပင် ဝမ်းလျှောပြီး, ပရိနိဗ္ဗာန်ပြုရတယ်၊ ကျင်ကြီးတွေပြင်ဘက် ရောက်လာတာ ကြည့်တော့ (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့-ဝိဇ္ဇာ စရဏ စုံငြားသော်လည်း တတိယအဖြေမှာ အသုဘခန္ဓာ လက်မခံဘူး-တဲ့ (မှန်ပါ့)၊ သွားတယ်၊ ရောက်ခါနီးတယ်, ရောက်တယ်မြင်ရတယ်၊ သို့သော် ဒီခန္ဓာချုပ်ငြိမ်းမှ ရောက်တယ် (မှန်ပါ့ဘုရား)၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒါကြောင့် စုံပင်စုံငြားသော်လည်း မရောက်နိုင်ဘူးကွ၊ ပြောလိုက်တာကော သဘောပါပလား (ပါပါပြီဘုရား)၊

ဒါကတော့ ခန္ဓာဆုံးမှ ရောက်မယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့နော်. . . (မှန်ပါ့)။

## အသုဘခန္ဓာလက်မခံပါ

အသုဘခန္ဓာကြီးတွေ လက်ခံပါ့မလား. . . (မခံပါဘုရား)၊ ဘာကြောင့်တုံးဆိုတော့ ဟိုက သုဘနိဗ္ဗာန်၊ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

သုဘဆိုတာ တင့်တယ်တာ၊ နိဗ္ဗာန်က ငြိမ်းအေးတာ၊ တင့်တင့်တယ်တယ်နဲ့ ငြိမ်းအေးတဲ့နေရာကို သုဘခန္ဓာကြီးနဲ့ သွားပြီး ကျပ်နေပါမယ်ဆိုလို့တော့ မဖြစ်ဘူးတဲ့ လက်မခံဘူး (မှန်ပါ့)၊ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဝိဇ္ဇာစရဏပြည့်စုံလည်း မရောက်နိုင်သေးဘူး . . . ခန္ဓာရှိနေရင် (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

မြင်တော့ မြင်ရတယ်နော်. . . အနီးကပ်ရောက်တယ်၊ နိဗ္ဗာန်အဖြစ်သို့တော့ ရောက်ပလား (မရောက်သေးပါဘုရား)၊ မရောက်သေးဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ အသုဘ ခန္ဓာခံနေတယ် (မှန်ပါ့)၊ သုဘနိဗ္ဗာန်က အသုဘနဲ့ မတွဲနိုင်ဘူး (မှန်ပါ့)၊ တွဲနိုင်သေးရဲ့လား (မနိုင်ပါဘုရား)၊ မတွဲနိုင်ဘူးဆိုတာကော သေချာပလား (သေချာပါပြီဘုရား)။

ဒါဖြင့် တတိယပုစ္ဆာကော ပြေပလား (ပြေပါပြီဘုရား)၊ ဝိဇ္ဇာနဲ့ စရဏပြည့်စုံတိုင်း နိဗ္ဗာန် မရောက်သေးဘူးကွ. . . တဲ့၊ (မှန်ပါ့ဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဝိဇ္ဇာစရဏမပါဘဲနဲ့ ရောက်သလားလို့ ထပ်မေးတယ်၊ ဘောက်ဆန်ဆန် မေးတာပဲနော်. . . (မှန်ပါ့)၊ ဝိဇ္ဇာစရဏမပါဘဲနဲ့တော့ ဒုက္ခအဆုံး ရောက်ပါ့မလားဆိုတော့ ဒီလိုဆိုရင်ကွာ ပုထုဇဉ်လည်း နိဗ္ဗာန်ရောက်ကုန်မှာပေါ့၊ ဖြေလိုက်ပြီ. . . (မှန်ပါ့)။

ပုထုဇဉ်တွေ ဘာတုံး (နိဗ္ဗာန်ရောက်ကုန်မှာပေါ့)၊ နိဗ္ဗာန်ကို မုချရောက်ကုန်မှာပေါ့တဲ့၊ ဝိဇ္ဇာစရဏမစုံဘဲသာ နိဗ္ဗာန်ရောက်မယ်ဆိုရင် ပုထုဇဉ်ဟူသရွေ့ အကုန်ရောက်မှာပဲ. . . (မှန်ပါ့ဘုရား)၊ မရောက်ချင်တဲ့ ပုဂ္ဂိုလ်တော့ မရှိပါဘူးကွတဲ့၊ ရောက်ချင်တဲ့ ပုဂ္ဂိုလ်တွေပါပဲတဲ့၊ သို့သော် ဝိဇ္ဇာစရဏ မပြည့်စုံတဲ့အတွက် ဘယ့်နှယ်တုံး. . . (မရောက်ပါဘုရား)။

အဲဒီတော့ ငါရှင်းရှင်းနဲ့လင်းလင်းပြောရလို့ရှိရင် မင်းတို့ မှတ်ထားပါတဲ့၊ ရှင်သာရိပုတ္တရာက ရှင်ဥပဝါဏကို အဖြေထုတ်လိုက်တယ်နော်. . . (မှန်ပါ့)။

## သီလသမာဓိပညာပျက်ရင်အမှန်ကိုမသိ

ဘယ်လိုအဖြေထုတ်လိုက်သတုံးဆိုတော့ "စရဏ ဝိပလ္လာသဿ ဝိဇ္ဇာယထာဘူတံ နဇနာတိ" စရဏ ဝိပလ္လာသ သဿ = စရဏဖောက်ပြန်နေသောပုဂ္ဂိုလ်အား၊ (ဝါ) စရဏမပါဘဲ၊ (ဝါ) စရဏပျက်နေသော ပုဂ္ဂိုလ်အားတဲ့၊ စရဏပျက်နေတယ်တဲ့၊ သီလသမာဓိပျက်နေတယ်တဲ့၊ (မှန်ပါ့)၊ ယထာဘူတံ နဇာနာတိ - တဲ့၊ ဟုတ်တိုင်းမှန်စွာကို မသိပါဘူး-ကွာတဲ့၊ မရပါဘူးတဲ့၊ စရဏ ပျက်နေလို့ရှိရင် ရှင်းပလား. . . . (ရှင်းပါပြီဘုရား)။

## သီလဖြူစင်ပါစေ

ဒါဖြင့်ခင်ဗျားတို့ သီလလည်းဖြူစင်ပါနော်. . . (မှန်ပါ့)၊ သမာဓိအလုပ်ကလည်း တွဲပြီးတော့ ဘုန်းကြီးကပေးထားတဲ့ အတွက် တွဲလျက်ပဲပါသွားတယ်. . . (မှန်ပါ့)။

ဒါကြောင့်မင်းတို့ရှုနေတဲ့ အခါကျတော့ မဂ္ဂင်ငါးပါးမပါ ဘူးလား . . . (ပါ-ပါတယ်ဘုရား)၊ ပါတော့ သမာဓိမဂ္ဂင်က သုံးပါး ပညာမဂ္ဂင် နှစ်ပါးကပါပြီးသား မနေဘူးလား . . . (နေပါ တယ်ဘုရား) ။

အဲဒါကြောင့် ဘုန်းကြီးပေးထားတဲ့ အလုပ်ကတော့ဖြင့် ဒကာ ဒကာမတွေ ချော် - သမာဓိနဲ့ ပညာကို တွဲပေးထား တာကိုးနော် (မှန်ပါ့)၊ ကိုယ်က သီလလုံဖို့ရာကလေးတစ်ခုပဲ

လိုတော့တာပဲဆိုတော့ ရှင်းမသွားဘူးလား. . . (ရှင်းသွားပါတယ်ဘုရား)။

## ဖြစ်ပျက်မြင်ရင်သမထပါပြီ

ကိုယ်မှာဘာလိုနေသတုံး. . . (သီလလိုနေပါတယ်ဘုရား)၊ ဝိပဿနာလုပ်နေလို့ရှိရင် ဖြစ်၊ပျက်မြင်နေလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေက မှတ်လိုက်၊ သမထနဲ့ ဝိပဿနာပါပြီ၊ သမာဓိမတည်ကြည်ဘဲနဲ့ ဖြစ်ပျက်မြင်ပါ့မလား. . . . (မမြင်ပါဘုရား)၊ မမြင်နိုင်တော့ ဩော် - သမထနဲ့ ဝိပဿနာတော့ ဆရာဘုန်းကြီးကတွဲပေးထားတယ်၊ တို့ကသီလကလေးလုံခြုံအောင်တော့ဖြင့် ကိုယ်ရေးကိုယ်တာကို ကိုယ့်ဟာကိုယ်စောင့်ရှောက်မှပဲဆိုပြီး သီလလုံခြုံအောင်တော့ ကိုယ့်ဟာကိုယ်စောင့်ရှောက်ပေါ့ဗျာ. . . (မှန်ပါ့)

## အလုပ်ကတော့မှန်နေပြီ

ငါးပါးဖြင့် ငါးပါးစောင့်ရှောက်ပေါ့၊ ရှစ်ပါးဖြင့် ရှစ်ပါးစောင့်ရှောက်ကြပေါ့၊ ဆယ်ပါးဖြင့်ဆယ်ပါးစောင့်ရှောက်ကြပေါ့ ကိုယ်ကြိုက်ရာစောင့်ရှောက်၊ နို့မဟုတ်ရင်ဖြင့် စရဏပျက်သွားမှာ စိုးရတယ်၊ သီလနဲ့ သမထက စရဏနော် . . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတွေ တို့လုပ်နေတဲ့ အလုပ်ဟာ မှန်တော့မှန်ပြီပေါ့၊ တစ်ခုကလေးသာ သတိထားရလိမ့်မယ်၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ တစ်ခုကလေးက ဘာတုံး . . . (သီလ)၊ သီလကလေးတော့ဖြင့် ဖြူစင်အောင် ပေါ့လေ နော်. . . (မှန်ပါ)။

## ဘုန်းကြီးများကတော့ ဒေသနာကြားရတယ်

အလုပ် မလုပ်ခင် တစ်နာရီလောက်ကစပြီး သီလဖြူစင်အောင်လုပ်ပြီးသကာလ ထားလိုက်တဲ့အခါ ဘုန်းကြီးများလို ခင်ဗျားတို့က မခက်ပါဘူး၊ ဘုန်းကြီးများကတော့တစ်ခုသော အာပတ်သင့်တယ်ဆိုရင် ဒေသနာမကြားရင် ရကို မရဘူး (မှန်ပါ့)၊ ဒေသနာမကြားရင် ဒီသီလဟာ တစ်ခါတည်းတောက်လျှောက် ပျက်နေတော့တာပဲ. . . (မှန်ပါ့)၊ လူကတော့ ဒီလို မဟုတ်ပါဘူး၊ ဒါ မလုပ်တော့ပါဘူးဆိုရင် ပြီးသွားတာပဲ. . . (မှန်ပါ့)၊ ဘုန်းကြီးများကတော့ ဒီလိုနဲ့မပြီးသေးဘူး၊ ရဟန်းတစ်ပါး ရှာရသေးတယ်. . . (မှန်ပါ့)၊ ရှာပြီးတော့အရှင်ဘုရား၊ တပည့်တော် နောက်ဒီလိုမလုပ်ပါဘူးလို့ တောင်းပန်ပြောရမည့်သူကို ရှာရသေးတယ်. . . (မှန်ပါ့ဘုရား)၊ မရှာရဘူးလား. . . (ရှာရပါတယ်ဘုရား)။

ခင်ဗျားတို့က ဒီလိုရှာစရာရှိသေးရဲ့လား ဟာ-အခုလုပ်နေတဲ့နာရီအတွင်း ဘယ်နည်းနဲ့မှ ကျုပ်မလွန်ကျူးတော့ဘူးဆိုရင် ခင်ဗျားတို့က ပြီးသွားတာပဲ. . . (မှန်ပါ့)၊ ဘုန်းကြီးများကတော့ ရကိုမရဘူး . . . (မှန်ပါ့)။

## လူထွက်ရမှာဖြင့် လူထွက်

ဒေသနာကြားမှ ရမှာဖြင့် ဒေသနာကြား၊ ဝတ်စောင့်မှရမှာဖြင့် ဝတ်စောင့်၊ လူထွက်ရမှာဖြင့် လူထွက်. . . (မှန်ပါ့)၊ လူထွက်မှရတဲ့ သိက္ခာပုဒ်ကလည်း ရှိသေးတယ်၊ လူထွက်ပြီးတော့ ပျောက်သွားတာပဲ. . . (မှန်ပါ့)၊ ဒီလိုသိက္ခာပုဒ်ကလည်း ရှိသေးတယ် ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယနေ့တရားမှာ အသားထုတ်ပြီးသကာလ ယူစရာက စရဏပျက်ရင် ဝိဇ္ဇာက မှန်ကန့်စွာ မသိဘူး၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

စရဏပျက်ရင် (ဝိဇ္ဇာကမှန်ကန်စွာမသိပါဘုရား)၊ ဝိဇ္ဇာက မှန်ကန်စွာ မသိဘူးတဲ့၊ ဖြစ်, ပျက်ကို မှန်ကန်စွာ မတွေ့နိုင်ဘူး (မှန်ပါ့)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ဘုန်းကြီးတွေမှာသိပ်အရေးကြီးနေတယ်

ဒုက္ခသစ္စာကို မှန်မှန်ကန်ကန် မတွေ့နိုင်ဘူး၊ ဘာဖြစ်လို့ ကျုပ်- မတွေ့သေးပါလိမ့်မတုံး မေးလို့ရှိရင်ဖြင့် စရဏပျက်နေပြီ

ဟော့၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)၊ နောက်က ကိုယ်တော်တွေ ကော ရှင်းကြရဲ့လား၊ ဒီနေ့ ဘုန်းကြီးတွေ အတော်ပါတယ်၊ ဒီအထဲမှာ ဘုန်းကြီးတွေမှာ သိပ်အရေးကြီးနေတယ်နော်. . . (မှန်ပါ့)။

အဲဒီတော့ စရဏပျက်နေရင် ဝိဇ္ဇာဟာ ဟုတ်တိုင်းမှန်စွာ မသိဘူးတဲ့၊ သီလ, သမာဓိပျက်နေလို့ရှိရင် ဝိဇ္ဇာဆိုတဲ့ မဂ်ဉာဏ် သည် အမှန်ကို မမြင်နိုင်တော့ဘူး၊ မြင်နိုင်သေးရဲ့လား . . (မမြင် နိုင်ပါဘုရား)။

ဒါဖြင့် ခြေကျိုးနေလို့ မြင်လို့တောင်မှ မပြင်နိုင်ပြန်ဘူးဆို တဲ့ အဓိပ္ပါယ်ရောက်တယ်၊ မှန်မှန်ကန်ကန် မမြင်ပြန်ဘူး၊ ခြေကျိုး နေတဲ့အတွက် (မှန်ပါ့)။

## ရယ်စရာမောစရာရှောင်ပါ

ဒါဖြင့် အရေးမကြီးဘူးလား (ကြီးပါတယ်ဘုရား)၊ နောက်က ဒကာ ဒကာမတွေ (ကြီးပါတယ်ဘုရား)၊ ဩော်. . . နက်ဖြန်က စ,ပြီး ဆရာဘုန်းကြီးက ဒီတရားဟောလိုက်တဲ့ အတွက် နက်ဖြန်ဘယ်အချိန်က ဘယ်အချိန်ဖြင့် ငါသည် ဘယ်စကားမျိုး ကိုမှ ထုံးစံအတိုင်းသာ ပြောတော့မယ်၊ ရယ်စရာ, မောစရာတွေ ဘာတွေ အစရှိသည်တို့ကို ဒီအချိန် ရှောင်ပြီး သကာလ ကိုင်း ကြိုးစားပါတော့မယ်ဆိုရင် ကြဉ်ရှောင်ပြီးတဲ့

စိတ်ကလေးနဲ့ သွားပြီး ကြိုးစားလိုက် ကမ္မဋ္ဌာန်းကျောင်းကို မင်းတို့အိမ်ပေါ်မှာလည်း ဒီအတိုင်းပေါ့ကွာ (မှန်ပါ့)။

## သီလစောင့်ထိန်းပြီးတရားထိုင်ပါ

ကဲ-ဒီနာရီနဲ့ ဒီနာရီဖြင့် သီလကို ငါးပါးသီလဖြင့် ငါးပါး သီလကိုဆောက်တည်ပြီး ဒီအချိန်မှာဖြင့်ဘယ်ဟာမှ မလွန်ကျူး တော့ဘူးဆိုပြီး ထိုင်လိုက်ပါနော် (မှန်ပါ့)၊ ဒီလိုဆိုတော့ မြန်မြန် ကြီး ခရီးမပေါက်ပေဘူးလား (ပေါက်သွားပါတယ်ဘုရား)၊ ဘာ့ကြောင့်တုံး စရဏ မပျက်လို့ ဝိဇ္ဇာထက်တယ်၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

စရဏမပျက်ရင် (ဝိဇ္ဇာထက်ပါတယ်ဘုရား)၊ စရဏပျက် ရင် (ဝိဇ္ဇာမထက်ပါဘုရား)၊ ဝိဇ္ဇာနုံ့တယ် (မှန်ပါ့)။

စရဏပျက်ရင် (ဝိဇ္ဇာနုံ့ပါတယ်ဘုရား)၊ စရဏထက်ရင် (ဝိဇ္ဇာထက်ပါတယ်ဘုရား)၊ အဲ. . . စရဏမပျက်ရင် ဝိဇ္ဇာထက် တယ်၊ ဒါကလေး သေသေချာချာမှတ်ပါ၊ ဒီတရားမှာ ဒါ. . . လိုရင်းပဲ (မှန်ပါ့)။

## စရဏမပျက်ရင်ဝိဇ္ဇာထက်တယ်

စရဏပျက်ရင် (ဝိဇ္ဇာနုံ့ပါတယ်ဘုရား)၊ ဝိဇ္ဇာဟာတစ်ခါ တည်း ချို့သွားတာပဲ၊ နုံ့သွားတာပဲနော် (မှန်ပါ့)၊ စရဏမပျက်လို့

ရှိရင်ဖြင့် ဝိဇ္ဇာထက်ပါတယ်၊ စရဏပျက်လို့ရှိရင် ဝိဇ္ဇာနဲ့ပါတယ် (မှန်ပ့ါ၊ နဲ့ပါတယ်ဘုရား)၊ နဲ့လို့ရှိရင် ဟုတ်တိုင်းမှန်စွာ မဖြစ်ဘူး၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့်. . . ဒီတရား အရေးမကြီးဘူးလား (ကြီးပါတယ်ဘုရား)၊ ဒါဖြင့် နက်ဖြန်ကစ,ပြီး ပြင်စရာ, ဆင်စရာတွေကို ဆရာဘုန်းကြီးပေးလိုက်တာတွေကို သိကြပလား (သိပါပြီဘုရား)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမယ် နက်ဖြန်ကျတော့ ပြင်ရမှာပေ့ါ၊ သဘောကျပလား (ကျပါပြီဘုရား)၊ အဖွားငြိမ်းတို့, အဖွားမြတို့ ဘာလုပ်ကြမယ်၊ (ပြင်ရပါမယ်ဘုရား)၊ ပြင်ရမယ်။

## ဝိပဿနာရှုပါ ချက်ချင်းပေါက်ထွက်သွားမယ်

ကိုင်း . . . တို့ကမ္ဘာ္ဌာန်းကျောင်းသွားတော့မယ် ဟောသွားတဲ့အချိန်က စ,ပြီးတော့ ရယ်စရာ, မောစရာ ဘာမှ မပြောတော့ပါဘူး၊ ဒီပြင် ဝိတက်တွေလည်း အဝင်မခံတော့ပါဘူး၊ ကာယကံ ဝစီကံတွေ လုံအောင်လုပ်ပါတော့မယ်ဆိုပြီး သကာလ မနောကံနဲ့ ဝိပဿနာရှုလိုက်ပါ. . .၊ ချက်ချင်း ပေါက်ထွက်သွားမယ် (မှန်ပ့ါ)၊ သဘောပါပလား (ပါ-ပါပြီဘုရား)၊ ရှင်းပြီးနော် (ရှင်းပါပြီ ဘုရား)။

ကဲ. . . ယနေ့ ဒီတွင်တော်ကြဦးစို့ . . . ။

သာဓု . . . သာဓု . . . သာဓု. . . ။